# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁ ရက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၅ ရက်၊

(၃) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁၂ ရက်၊

(၄) ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် ခွင့် ၂ ရက်၊

(၅) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၅ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆား၏ အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၇) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊

(၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊

(၁၀) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၅ ရက်၊

(၁၁) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊

(၁၂) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၂ ရက်၊

(၁၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၄) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၅ ရက်၊

(၁၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမြင့်လွင် ခွင့် ၃ ရက်နှင့်

(၁၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု

အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## ဗန်းမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော လယ်မြေ၊ ယာမြေများကို စွန့်လွှတ်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ ဗန်းမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း ၁၄ ခု၊ ကြိုးပြင်ကာကွယ်တောခြောက်ခုအတွင်း ကျရောက်နေသော လယ်မြေ၊ ယာမြေများအား သစ်တောမြေမှစွန့်လွှတ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ပါရန် တောင်သူလယ်သမားများ၏ နစ်နာမှုကို စာနာ၍ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဗန်းမောက်မြို့နယ်ရဲ့ အကျယ်အဝန်းဟာ ၈၄၄၆၆၈ ဧကရှိပြီး ကြိုးဝိုင်း ၂၁ ခု၊ ကြိုးပြင်ကာကွယ်တောခုနစ်ခု၊ အဆိုပြုကာကွယ်တောငါးခု၊ ကြိုးပြင်တောငါးခုနှင့် သစ်တောမြေစုစုပေါင်းဟာ ၇၃၈၄၃၈ ဧကရှိပါတယ်။ သစ်တောလွှမ်းခြုံမှုဟာ ၈၇.၄၂ ရာခိုင်နှုန်းရှိပြီးတော့ မြို့နယ်အတွင်းစိုက်ပျိုးမြေများဖြစ်တဲ့ လယ်မြေ၊ ယာမြေ၊ ကိုင်း၊ ကျွန်း၊

ဥယျာဉ်မြေစုစုပေါင်းဟာ ၃၇၁၁၇ ဧကရှိပါတယ်။ လူဦးရေ ၁၁၀၀၀၀ ကျော်ရှိပြီး လယ်မြေဧက နည်းတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောမြေများမှ အိမ်ခြေ ၅၀ အထက်၊ အိမ်ခြေ ၅၀ အောက် နှစ်ကြိမ်ခွဲပြီး စွန့်လွှတ်ခဲ့ရာ ပထမစွန့်လွှတ် လယ်မြေ၊ ယာမြေ ၅၅၅၈ ဧက၊ ဒုတိယစွန့်လွှတ် လယ်မြေ၊ ယာမြေ ၁၅၂၂ ဧက စုစုပေါင်း ၇၀၈၀ ဧက စွန့်လွှတ်ပြီး သစ်တောမြေမှစွန့်လွှတ်ရန်ကျန်ရှိတာကတော့ ၃၈၂၀ ဧက ကျန်ရှိနေသေးကြောင်း ထပ်မံပြုစုထားသောမြေစာရင်းမှတ်တမ်းများအရ သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်ရှိနေသောတောင်သူအများစုဟာ ၁၉၂၀-၁၉၄၀ ဝန်းကျင်ကတည်းက လုပ်ကိုင်စားသောက်နေသောသူများဖြစ်ကြပြီးတော့ ခေတ်အဆက်ဆက် သီးနှံခွန်များပေးဆောင်ခဲ့သူများဖြစ်ကြပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ တာဝန်ကျေစပါးပေးသွင်းခဲ့သည့် တောင်သူများဖြစ်ပြီးမှ ယခုတော့ သစ်တောကျူးတောင်သူများအဖြစ် သတ်မှတ်ခံရသည်မှာ ဝမ်းနည်းစရာကောင်းလှပါတယ်။ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော သတ်မှတ်ရာမှာ မြေပြင်တွင်အမှန်တကယ်ရှိသော ရွာမြေ၊ သာသနာ့မြေ၊ သုသာန်မြေများ၊ လယ်မြေ၊ ယာမြေများကို ချန်လှပ်ပြီး သတ်မှတ်ရမည်ဖြစ်သော်လည်းပဲ စားပွဲပေါ်ရှိမြေပုံဖြင့် သတ်မှတ်ခဲ့ကြသဖြင့် ဤသို့နစ်နာမှုများ ဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်သို့လည်းကောင်း သိမ်းဆည်းမြေများနှင့် ပြည်သူများမနစ်နာစေရေး စုံစမ်းစစ်ဆေးရေးကော်မတီသို့လည်းကောင်း၊ ဒေသတွင်းတောင်သူများစုပေါင်း၍ သစ်တောမြေများစွန့်လွှတ်ပေးပါရန် လက်မှတ်ရေးထိုးတောင်းဆိုခဲ့ရာ ပါထွန်ကြိုးပြင်ကာကွယ်တော၊ ကြောင်လယ်ကြိုးပြင်ကာကွယ်တော၊ မူးမြစ်ဖျားကြိုးပြင်ကာကွယ်တော အိမ်ခြေ ၅၀ အထက်၊ ၅၀ အောက် သစ်တောမြေ၏ လယ်ယာမြေပါဝင်မှုတစ်စိတ်တစ်ဒေသကို စွန့်လွှတ်ခဲ့ပါတယ်။ တစ်စိတ်တစ်ဒေသသာစွန့်လွှတ်ခဲ့တဲ့အတွက် ပြန့်ကျဲလယ်ယာမြေများ မပါဝင်ခဲ့သည့်အတွက် အများအပြားကျန်ရှိနေပါတယ်။ လုံးဝမစွန့်လွှတ်သေးသော ကြိုဝိုင်း၊ ကြိုးပြင်ကာကွယ်တောများလည်း ကျန်ရှိနေပါတယ်။ ကြိုးပြင်ကာကွယ်တောအဖြစ် အသစ်အတည်ပြုမယ့် အဆိုပြုကာကွယ်တောငါးခုမှာလည်း လယ်မြေ၊ ယာမြေများ ထပ်မံပါဝင်လာမည်ကို တောင်သူများ၊ လယ်သမားများ စိုးရိမ်နေကြပါတယ်။

သို့ဖြစ်ပါ၍ အမှန်တကယ်လုပ်ကိုင်နေသော လယ်မြေ၊ ယာမြေများကို သစ်တောမြေမှစွန့်လွှတ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပါရန် တောင်သူများ၏

ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ (၁) ဗန်းမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်းကျရောက်နေသော လယ်မြေ၊ ယာမြေများကို သစ်တောမြေမှစွန့်လွှတ်ပေးနိုင်ပါရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။ (၂) မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါတယ်။ (၃) မဆောင်ရွက်နိုင်ပါက မည်သို့ကြောင့်မဆောင်ရွက်နိုင်သည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်းမှာရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်းကျရောက်နေတဲ့ လယ်မြေ၊ ယာမြေများကို စွန့်လွှတ်ပေးပါရန် မည်သို့ ဆောင်ရွက်ပေးမည်။ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မဆောင်ရွက်နိုင်ပါလျှင် မည်သို့ ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သစ်တောများမှရရှိတဲ့ သွယ်ဝိုက်နှင့် တိုက်ရိုက် အကျိုးစီးပွားများကို လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားစဉ်ဆက်မပြတ်ခံစားနိုင်ရေး အတွက် မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ခုနှစ်၊ အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ် ၃၀ စီမံကိန်း (၂၀၀၁-၂၀၀၂ ခုနှစ်ကနေပြီးတော့ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)ကို ပြဋ္ဌာန်းရေးဆွဲပြီးတော့ ထာဝစဉ် တည်တံ့ခိုင်မြဲစေတဲ့ သစ်တောအုပ်ချုပ်စီမံလုပ်ကိုင်မှု Sustainable Forest Management (SFM) လုပ်ငန်းစဉ်များကိုအခြေခံပြီးတော့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုစီမံဆောင်ရွက်တဲ့နေရာမှာ သစ်တောနယ်မြေများဟာ ကြိုးဝိုင်းတောတွေ၊ ကြိုးပြင်ကာကွယ်တောတွေနဲ့ သဘာဝနယ်မြေများ တစ်နည်းအားဖြင့် ဘေးမဲ့တောများနှင့် အမျိုးသားဥယျာဉ်များ ပါဝင်ပါတယ်။ အမျိုးသားသစ်တော

ကဏ္ဍာပင်မစီမံကိန်းမှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော်ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း အထိနဲ့ သဘာဝနယ်မြေများကိုတော့ နိုင်ငံတော်ဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် သတ်မှတ်ထားပါတယ်။ လက်ရှိကာလမှာ ကြိုးဝိုင်း၊ ကြိုးပြင်တစ်ခုလုံးက ၂၄.၇၃ ရာခိုင်နှုန်းနဲ့ သဘာဝနယ်မြေကတော့ ၅.၇၅ ရာခိုင်နှုန်းကိုတော့ ကျွန်တော်တို့ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါတယ်။ ကြိုးဝိုင်းနယ်မြေ၊ သစ်တောနယ်မြေများကို နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ဖွဲ့စည်းတည်ထောင်တဲ့နေရာ မှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ၁၉၉၂ ခုနှစ်က ပြဋ္ဌာန်းတဲ့သစ်တောဥပဒေ ပုဒ်မ ၃၊ ၄၊ ၆ နှင့် ၁၉၉၅ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့သစ်တောနည်းဥပဒေတွေ ပုဒ်မ ၃ ကနေ ၁၉ အထိကသော်လည်း ကောင်း၊ သဘာဝနယ်မြေများကိုတော့ ၁၉၉၄ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝ အပင်များကာကွယ်ရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၈၊ ၁၁၊ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေများ ပုဒ်မ ၃၊ ၄၊ ၆ ကနေပြီးတော့ ၁၁ တို့အရလည်းကောင်း၊ သစ်တောဦးစီးဌာနနှင့် ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများ ပါဝင်တဲ့ ကြေးတိုင်အဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီးတော့ လုပ်ငန်းအဆင့်ဆင့် သတ်မှတ်ဆောင်ရွက် လျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကြိုးဝိုင်းဖွဲ့စည်းရာမှာ ကြေးတိုင်အရာရှိအဖြစ် ခရိုင်အုပ်ချုပ် ရေးမှူးကိုလည်းကောင်း ခန့်ထားပါတယ်။ ကြိုးပြင်ကာကွယ်တောကို ဖွဲ့လို့ရှိရင် ကြေးတိုင်အရာရှိ အဖြစ် သစ်တောဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးကိုလည်းကောင်း ဆောင်ရွက်စေပြီးတော့ သစ်တောမြေများကို ကြေးတိုင်အဖွဲ့ကနေပြီးတော့ ကွင်းဆင်းဆောင်ရွက်ပါတယ်။ အဲဒီနေရာမှာ ဒေသခံပြည်သူများရဲ့ အခြေချနေထိုင်မှုစိုက်ပျိုးလုပ်ကိုင်မှုများကို စနစ်တကျစိစစ်ဖော်ထုတ်ပြီးတော့ ဖွဲ့စည်းပေးမယ့်၊ ဖွဲ့စည်းလာမယ့်သစ်တောနယ်မြေများအတွင်းမှာ ထည့်သွင်းခြင်းမပြုဘဲနဲ့ ချန်လှပ်ကွက်များ (Exclosing) များအဖြစ် မှတ်တမ်းတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ပြောချင်တာ ကတော့ ကြိုးဝိုင်းတောဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောဖြစ်စေ ဖွဲ့စည်းလို့ အထဲမှာပါလာတဲ့ လယ်ယာ မြေတွေဟာ မူလအတိုင်းပဲဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့က နာမည်နှင့်တကွစာရင်းမှတ်ပြီးတော့ သူ့ဧက၊ ဧရိယာအတိုင်းကိုလည်းပဲ ကျွန်တော်တို့က ခွင့်ပြုပါတယ်။ ဒါ့အပြင် ဖော်ပြပါဒေသခံပြည်သူ များ၊ သစ်တောထွက်ပစ္စည်းများထုတ်ယူနိုင်ရေး၊ မွေးမြူရေးနှင့် တိရစ္ဆာန်များရဲ့ စားကျက်မြေများ အပါအဝင် မြေအသုံးချခွင့်ပြုရေးတို့ကို ပမာဏ၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ကာလ၊

ခွင့်ပြုမယ့် နည်းလမ်းများကို ကြေးတိုင်ပုံစံ(၁) ကနေ (၅) အထိ အဆင့်ဆင့်စနစ်တကျမှတ်တမ်းတင်ပြီးတော့ သစ်တောနယ်မြေဖွဲ့စည်းတဲ့ အမိန့်ကြော်ငြာစာမှာ အတိအကျဖော်ပြရပါတယ်။

ဒေသခံပြည်သူများရဲ့ မြေယာ၊ အိုးအိမ်နဲ့ ပစ္စည်းဥစ္စာများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ကျွန်တော် ဖော်ပြပါလုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ သစ်တောနယ်မြေများကို တိကျစွာဖွဲ့စည်းလျက်ရှိပြီးတော့ ပြည်သူတို့ရဲ့အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် တည်တံ့ကောင်းမွန်စေရေးနဲ့ သစ်တောဖုံးလွှမ်းမှု တိုးတက်များပြားစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီးတော့ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

အခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်မှာဆိုလို့ရှိရင် သစ်တောကြိုးဝိုင်း ၂၁ ခု၊ ဧရိယာအားဖြင့် ၃၆၄၃၄၅ ဧကနှင့် ကြိုးပြင်ကာကွယ်တောခုနစ်ခု၊ ဧရိယာအားဖြင့် ၁၈၄၉၂၅ ဧက စုစုပေါင်း သစ်တောမြေဧရိယာအားဖြင့် ၅၄၉၂၇၀ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတရုံးရဲ့ (ဇန်နဝါရီလ ၂၀၁၃ ခုနှစ်) ညွှန်ကြားချက်အရ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်းမှာ နှစ်ကာလအတန်ကြာ ကျူးကျော် အခြေချနေထိုင်တဲ့ ရွာစု၊ အိမ်စုများကို ဌာနဆိုင်ရာများပါဝင်တဲ့အဖွဲ့နဲ့ဖွဲ့ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နဲ့ ၂၀-၂-၂၀၁၃ ကနေပြီးတော့ ၂၅-၃-၂၀၁၃ အထိ မြေပြင်ကွင်းဆင်းပြီးတော့ စာရင်းပြုစုကောက်ခံချက်အရ ဗန်းမောက်မြို့နယ်အတွင်းမှာဖြင့် ကျေးရွာပေါင်း ၅၇ ရွာ၊ ရွာမြေ ၅၆၇.၅၅ ဧက၊ လယ်မြေ ၁၀၁၈၄.၇၈ ဧက၊ သာသနာပိုင်နှင့် အများပိုင်မြေက ၈၂၈.၈၉ ဧက၊ ယာမြေက ၁၂၁၈.၅၈ ဧက၊ နှစ်ရှည်စိုက်ခင်းက ၃၅၅.၈၆ ဧက၊ ဥယျာဉ်ခြံမြေကတော့ ၃၂၂.၃ ဧကနှင့် စုစုပေါင်း ၁၃၄၇၇.၉၆ ဧကကို ကျွန်တော်တို့ စာရင်းကောက်ယူပြုစုရပါတယ်။ ကောက်ယူရရှိပြီးတဲ့ စာရင်းများအရ ဗန်းမောက်မြို့နယ်မှာရှိတဲ့ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေး အမည်ပေါက်က ၂၈ ရွာဖြစ်ပါတယ်။ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်နဲ့ မပေါက်သော် လည်းပဲ အခိုင်အမာတည်ထောင်တဲ့ကျေးရွာကတော့ ၂၉ ရွာဖြစ်ပါတယ်။ စုစုပေါင်း ၅၇ ရွာရဲ့ ရွာမြေ ၅၆၇.၅၂ ဧကရယ်၊ လယ်မြေ ၇၀၈၀.၇၄ ဧက၊ သာသနာပိုင်နှင့်အများပိုင်မြေ ၇၅၇.၃၉ ဧကနှင့် စုစုပေါင်း ၈၄၀၅.၆၅ ဧကကိုတော့ သစ်တောမြေအဖြစ်ကနေပြီးတော့ ပယ်ဖျက်ပေးပြီးဖြစ်ပါတယ်။ ရွာမြေ ၁၂၁၈.၅၈ ဧကကိုတော့ သစ်တောမြေအဖြစ်က ပယ်ဖျက်ခြင်းမပြုဘဲနဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့စနစ်ကိုအခြေခံပြီးတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းကို ခွင့်ပြုပေးပြီးဖြစ်ပါတယ်။ ဥယျာဉ်ခြံမြေနှင့် နှစ်ရှည်သီးနှံစိုက်ခင်း ၄၉၇ ဧကကိုတော့ နှစ်ရှည်

မြေငှားစနစ်နဲ့ လုပ်ကိုင်ခွင့်ပြုပြီးဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြပြီးတာကတော့ ပြည်ထဲရေး အမည်ပေါက် အိမ်ခြေ ၅၀ နှင့်အထက်နဲ့ အောက်နဲ့ ပြည်ထဲရေးအမည်မပေါက်သော်လည်းပဲ အခိုင်အမာတည်ထောင်ထားတဲ့ ကျေးရွာများအတွက် ဖြစ်ပါတယ်။

အခုနက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ ပြန့်ကျဲကျေးရွာအုပ်စုရှိပါတယ်။ ပြန့်ကျဲတဲ့ကျေးရွာအုပ်စုဆိုတာက သူက လူကတော့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောမှာနေပင်နေငြားသော်လည်းပဲ မိမိရဲ့ စိုက်ပျိုးထွန်ယက်တဲ့ လယ်ယာများကတော့ ကြိုးဝိုင်းအတွင်းမှာရှိတဲ့ပုဂ္ဂိုလ်များကို ခေါ်ပါတယ်။ ပြန့်ကျဲအိမ်စုက ဗန်းမောက်မြို့နယ်အတွင်းမှာ သစ်တောနယ်မြေအတွင်းမှာ စာရင်းကောက်တဲ့အခါမှာ ရွာမြေဧကအားဖြင့် ဂ.ဂ၃ ဧကပဲရှိပါတယ်။ လယ်မြေက ၄၄၉.၁၆ ဧကရှိပါတယ်။ ပြင်ပကျူးကျော်မြေက ၂၆၅၄.၈၈ ဧကဖြစ်ပါတယ်။ သာသနာပိုင်နဲ့ အများပိုင်ကတော့ ၇၁.၅ ဧက ဖြစ်ပါတယ်။ စုစုပေါင်း ၃၁၇၅.၅၇ ဧကကို အိမ်ခြေ ၅၀ နှင့်အောက် ပြန့်ကျဲအုပ်စုများအဖွဲ့နဲ့ ကျွန်တော်တို့ ဖွဲ့စည်းတည်ထောင်ထားပါတယ်။ ပြင်ပမှ ကျူးကျော်လာတဲ့ယာမြေ၊ လယ်မြေများကို သစ်တောမြေ အဖြစ်မှာ ပယ်ဖျက်ခြင်းအဆင့်ကိုတော့ သစ်တောမြေက ပယ်ဖျက်ပေးမှာဖြစ်ပါတယ်။ အဲဒီလိုပယ်ဖျက် တဲ့နေရာမှာ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရှေးအခေါ် ကြေးတိုင်နှင့် မြေစာရင်း) အဲဒီကနေပြီးတော့ အဖွဲ့ ဖွဲ့ပြီးတော့ကား ပြန့်ကျဲနေတဲ့ကျေးရွာအုပ်စုများကို တည်ထောင်ရန်အတွက် ကျွန်တော် စီစဉ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ သစ်တောမြေကနေပယ်ဖျက်ပေးမယ့် ကျန်ရှိတဲ့ ၄၀၆.၆၈ ဧကကို သစ်တောမြေကပယ်ဖျက်ခြင်းမပြုဘဲနဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့စနစ်ကို အခြေခံတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို တည်ထောင်ခွင့်ပြုပေးမှာဖြစ်ပါတယ်။ ဥယျာဉ်ခြံမြေနှင့် နှစ်ရှည်စိုက်ခင်း ၁၈၈.၁၆ ဧကကိုတော့ နှစ်ရှည်မြေငှားစနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားမှာဖြစ်ကြောင်း ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တောင်ကြီးခရိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ရှိ သစ်တောဦးစီးဌာနအား ကလောမြို့နယ် လက်အောက်ခံအဖြစ်မထားရှိဘဲ မြို့နယ်သစ်တောဦးစီးဌာနဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခွန်မောင်သောင်း ပင်လောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါနှစ်ဖြာ သောသုခဖြင့် ပြည့်ဝကြပါစေလို့ ဦးစွာဂါရဝပြုပါရစေ။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါ တယ်။ ပင်လောင်းမြို့နယ်အတွင်း ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော၊ ရေဝေရေလဲတောများ တောရိုင်း များကိုထိရောက်စွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိတဲ့အတွက် မြို့နယ်သစ်တော ဦးစီးဌာနရုံးဖွင့်လှစ်ပေးနိုင်ပါရန် ဖော်ပြမည့်အချက်အလက်များပေါ်မှာမူတည်ပြီး ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးခွန်းမေးမြန်းလိုပါတယ်။ (၁) ပင်လောင်းမြို့နယ်ကို ပြည်ထဲရေးဝန်ကြီးဌာန ၁၅-၁-၂၀၁၀ ရက်နေ့ နောက်ဆုံးထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ မြို့သုံးမြို့၊ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၂၅ အုပ်စုနှင့် ကျေးရွာပေါင်း ၄၃၂ ရွာဖြင့်ဖွဲ့စည်းထားပြီး ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်မြို့နယ်တွေနဲ့ ထိစပ်လျက်ရှိတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပြီး တောင်နှင့်မြောက်ဟာ မိုင်ပေါင်း ၅၇ မိုင်၊ အရှေ့နှင့်အနောက်ဟာ မိုင်ပေါင်း ၇၀ ကျော် ရှည်လျားကျယ်ပြန့်သော မြို့နယ်တစ်နယ်ဖြစ်ခြင်း၊ (၂) မြို့နယ်အတွင်း ကြိုးဝိုင်းကြိုးပြင်ကာကွယ် တောဧကပေါင်း ၃၇၃၉၆၉ ဧက၊ တောရိုင်း ၂၁၄၉၃ ဧက၊ မြေရိုင်း ၃၀၇၂၁ ဧကနှင့် စိုက်ပျိုးခြင်း မပြုနိုင်သောမြေ ၁၂၀၅၆၆ ဧက ရှိခြင်းတို့ကြောင့် ကျယ်ဝန်းသော သစ်တောဧရိယာများ တည်ရှိနေ ခြင်း၊ (၃) မြန်မာပြည်အနှံ့ အလင်းရောင်ကိုပေးဆောင်နေသော လောပိတရေအားလျှပ်စစ် စက်ရုံ အတွက် မိုးပြဲဆည်ကို အဓိကရေအားဖြည့်ဆည်းပေးနေသော ဘီလူးချောင်းဟာ ပင်လောင်းမြို့ အနီးတွင် မြစ်ဖျားခံလျက်ရှိသည့်အပြင် အထက်ပေါင်းလောင်း၊ အလယ်ပေါင်းလောင်း၊ အောက် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံများကိုလည်း ရေဖြန့်ဝေပေးလျက်ရှိသော ပေါင်းလောင်းချောင်း ဟာ ပင်လောင်းမြို့နယ်မြောက်ဖျားမှ မြစ်ဖျားခံပြီး ပင်လောင်းမြို့နယ်တစ်လျှောက် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းကာ ထင်ခြားသော လိန်းလီသံကြိုးတံတားကို ဖြစ်ပေါ်စေတဲ့အပြင် ပေါင်းလောင်း ချိုင့်ဝှမ်းတစ်ခုလုံးကိုလည်း ရေလှောင်ဧရိယာအဖြစ်သို့ တည်ရှိနေပြီးလည်းဖြစ်ပါတယ်။ (၄) အဓိက

အရေးကြီးသော ရေအားလျှပ်စစ်စက်ရုံများအတွက် ရေရှည်၊ ရေလှောင်မှုအင်အားသည် ပင်လောင်းမြို့နယ်အတွင်းရှိ ရေဝေရေလဲသစ်တောများ၊ ကြိုးဝိုင်းသစ်တောများပေါ်တွင် များစွာမူတည်တည်ရှိနေခြင်း၊ (၅) တောင်ပေါ်နေတိုင်းရင်းသားတို့၏ဓလေ့အရ ရွှေ့ပြောင်းတောင်ယာများစနစ် ကြောင့် သစ်တောများပြုန်းတီးမှုရှိနေခြင်းစသည့် အကြောင်းများကြောင့် သစ်တောများကို ကာကွယ်စောင့်ရှောက်ရန်၊ ပြုစုပျိုးထောင်ရန် လက်ရှိကလောမြို့နယ် လက်အောက်ရှိ တိနယ်အဖြစ်သာ ထားရှိထားခြင်းသည် ကျင်းသည် ဝန်နဲ့အားမမျှသည်သာမက သိသာထင်ခြားလှပါသည်။ ဒါကြောင့် ပင်လောင်းမြို့နယ်အား မြို့နယ်သစ်တောဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းမှာ ပင်လောင်းမြို့နယ်အတွက် သစ်တောဦးစီးဌာနအား ကလောမြို့နယ်လက်အောက်ခံ တိနယ်အဆင့်သာ ထားရှိခြင်းမပြုဘဲ၊ မြို့နယ်သစ်တောဦးစီးဌာနရုံး ဖွင့်လှစ်ပေးပြီး ဥပဒေအရ ဖွဲ့စည်းပုံအပြည့်ဖြင့် ဖွင့်လှစ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် မည်သို့အစီအမံများဖြင့်ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းရဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်မှာ သစ်တောဦးစီးဌာနကို ကလောမြို့နယ်လက်အောက်မှာမထားဘဲနဲ့ မြို့နယ်သစ်တော ဦးစီးဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဖွင့်လှစ်မယ်ဆိုတဲ့အကြောင်းနဲ့ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ မှန်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပါပဲ။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်မှာရှိတဲ့ ပေါင်းလောင်းသစ်တောကြိုးဝိုင်းဟာ အကျယ်ဧရိယာအားဖြင့် ၃၈၂၉၆၂.၈၉ ဧကတည်ရှိတဲ့အတွက်ကြောင့်မို့ ပင်လောင်းမြို့နယ်အတွင်းမှာရှိတဲ့ ကြိုးဝိုင်း

ကြိုးပြင်ကာကွယ်တောများနှင့် ရေဝေရေလဲနယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက်နှင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ထိရောက်စွာ၊ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သစ်တောဦးစီးဌာန(ပင်လောင်းမြို့နယ်)ကို ကလောမြို့နယ်လက်အောက်မှာမထားဘဲနဲ့ ယခုအခါမှာ (ခ)အဆင့်မြို့နယ်အဖြစ်တိုးချဲ့ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပင်လောင်းအပါအဝင် တခြားမြို့နယ် စုစုပေါင်း သုံးခုကိုလည်းပဲ မြို့နယ်(ခ)အဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အထက်ဌာနအဆင့်ဆင့်များကိုလည်း တင်ပြရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ခွင့်ပြုချက်ရလို့ရှိရင်တော့ ရရှိတဲ့ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းပဲ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သီပေါမြို့နယ်၊ နမ့်မွကျေးရွာအုပ်စု၊ နားကွန်ကျေးရွာနှင့် ပြိန်းဆိုင်းကျေးရွာ နယ်နိမိတ်အတွင်း ငွေရည်ပုလဲကုမ္ပဏီသည် ၂၀၀၄ ခုနှစ်မှစ၍ ယနေ့ထိတိုင် ဧက ၃၀ ခန့်ရှိသည့် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စု အစိုးရကိုမေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ နမ့်မွကျေးရွာအုပ်စု၊ နားကွန်ကျေးရွာနှင့် ပြိန်းဆိုင်းကျေးရွာနယ်နိမိတ်အတွင်း ငွေရည်ပုလဲကုမ္ပဏီကနေပြီးတော့ ၂၀၀၄ ခုနှစ်မှစ၍ ယနေ့ထိတိုင် ဧက ၃၀ ခန့်ရှိတဲ့ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို ၁၂ နှစ်တာ ကာလအတွင်းမှာ လုပ်ကိုင်နေခြင်းနှင့် ပတ်သက်ပြီး ဒေသခံကျေးရွာသူကျေးရွာသားများရဲ့ကိုယ်စား ရပ်မိရပ်ဖက ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ တင်ပြလာတဲ့စာနှင့်ပတ်သက်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။

တင်ပြပါစာအရ ပြိန်းဆိုင်းကျေးရွာမှာရှိတဲ့ ကျောက်မီးသွေးများတူးဖော်သယ်ဆောင်တဲ့နေရာရဲ့ မြောက်ဘက်အခြမ်းမှာ မြေသားများလှိုဏ်ခေါင်းဖြစ်ခြင်း၊ မြေပြိုခြင်း၊ ညစ်ညမ်းတဲ့အနံ့အသက်အဆိုးတွေနဲ့ မြေစာပုံတွေများပြားလာတဲ့အကြောင်း အဲဒီမြေစာပုံကြီးတွေကနေတစ်ဆင့် မိုးရေတွေနှင့်အတူ နားနန်းကျေးရွာမှ ဝမ်လုံကျေးရွာဘက်ကိုစီးဆင်းတဲ့ မြစ်ချောင်းနှင့်လယ်ကွင်းများအတွင်း ညစ်ညမ်းတဲ့

ရေများ စီးဆင်းဝင်ရောက်လာတဲ့အတွက် လယ်ယာမြေများစွာပျက်စီးဆုံးရှုံးသွားရခြင်းနှင့် ညစ်ညမ်းရေတွေကို ဝမ်လုံကျေးရွာနှင့် ကုန်းပေါင်ကျေးရွာနေ ရွာသူရွာသားများ သောက်သုံးရေအဖြစ်သုံးစွဲနေရခြင်းအတွက်ကြောင့် ကျန်းမာရေးထိခိုက်ခြင်းစတဲ့ ဆိုးကျိုးတွေဖြစ်လာခဲ့ရကြောင်း ကျန်းမာရေးထိခိုက်နေမှုဆိုးကျိုးများအကြောင်းကိုလည်း ဖော်ပြထားပါတယ်။ ထို့အပြင် ငွေရည်ပုလဲကုမ္ပဏီမရှိစဉ်ကာလ အခြေအနေနဲ့ ယနေ့လက်ရှိကာလအခြေအနေတို့ကိုဖော်ပြထားပြီး ဆက်လက်ဖြစ်ပေါ်လာနိုင်မယ့် အခြေအနေများနှင့် ကျေးရွာသူရွာသားတို့ရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကိုလည်း ဖော်ပြထားပါတယ်။ အဲဒီစာကိုလည်း ကျွန်တော့်ရဲ့မေးခွန်းနှင့်အတူ တစ်ပါတည်းပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ နမ္မကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှာ နမ္မကျေးရွာအုပ်စုအတွင်းမှာနေထိုင်ကြတဲ့ ရွာသူရွာသားနဲ့ အင်အား ၂၅၀ ခန့်စုဝေးပြီးတော့ ကျောက်မီးသွေးလုပ်ငန်းကြောင့်ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးအကြောင်းတွေကို ဆွေးနွေးခဲ့ကြပြီးတော့ လက်ရှိကျောက်မီးသွေးတူးဖော်မှုလုပ်ငန်းကို ကန့်ကွက်လိုကြောင်း၊ ကန့်ကွက်ကြောင်းကိုလည်း ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ဓာတ်ပုံနှင့်တကွပူးတွဲစာမှာတင်ပြထားပြီးဖြစ်ပါတယ်။ ၁၂ နှစ်တိုင်တိုင်လုပ်ဆောင်ခဲ့တဲ့ ငွေရည်ပုလဲကုမ္ပဏီရဲ့ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်း ရပ်တန့်နိုင်စေရန်နှင့် ဟန့်တားပေးနိုင်ပါရန်ကိုလည်း တောင်းဆိုတင်ပြလာကြပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၊ နမ္မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသူရွာသားများရဲ့ကိုယ်စား အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (က) လက်ရှိကျောက်မီးသွေးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ငွေရည်ပုလဲကုမ္ပဏီအနေဖြင့် လုပ်ပိုင်ခွင့်ကိုမည်သို့လျှောက်ထားခဲ့ပြီး လုပ်ပိုင်ခွင့်ရရှိလာပါသလဲ၊ (ခ) ယင်းသို့လုပ်ပိုင်ခွင့်မရရှိမီ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်မယ့် ထိခိုက်နစ်နာမှုများနှင့်ပတ်သက်ပြီး ကျန်းမာရေးထိခိုက်နစ်နာမှုဆိုင်ရာဆန်းစစ်ခြင်း(HIA)၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆိုင်ရာဆန်းစစ်ခြင်း (EIA)၊ လူမှုစီးပွားထိခိုက်နစ်နာမှုဆိုင်ရာဆန်းစစ်ခြင်း (SIA) တို့ကို ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိ၊ ရှိခဲ့ပါက ယင်းလေ့လာဆန်းစစ်တွေ့ရှိချက်တို့ကို လွှတ်တော်၌သော်လည်းကောင်း၊ အများပြည်သူထံသို့သော်လည်းကောင်း ရှင်းလင်းချပြရန် မည်သို့ဆောင်ရွက်ပါမည်နည်း၊ (ဂ) လုပ်ပိုင်ခွင့်ပြုရာမှာ ဒေသခံပြည်သူများရဲ့ဆန္ဒကို မည်သို့အလေးထားပါသနည်း၊ လက်ရှိဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ခြင်းကို ကန့်ကွက်နေကြခြင်းအပေါ် မည်သို့အလေးထား

စဉ်းစားပေးပါမည်နည်း၊ (ဃ) ဒေသခံပြည်သူများရဲ့တင်ပြချက်များအရ ပျက်စီးနေတဲ့ သဘာဝ ပတ်ဝန်းကျင်တွေကိုလည်း ကုမ္ပဏီအနေဖြင့် ပြန်လည်ကုစားပေးမယ့်အစီအစဉ်များရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်မှာ မည်သို့မည်ပုံကုစားပေးမယ်ဆိုတာကို သိရှိလိုတဲ့အကြောင်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန )**။ ။ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ရဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ် နမ္မကျေးရွာအုပ်စု၊ နားကွန်ကျေးရွာနှင့် ပြိန်းဆိုင်းကျေးရွာ နယ်နိမိတ်အတွင်းမှာ ငွေရည်ပုလဲကုမ္ပဏီက ၂၀၁၄ ခုနှစ်ကနေပြီးတော့ ယနေ့ထိ ဧက ၃၀ ခန့်ရှိတဲ့ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို ၁၂ နှစ်တာကာလအတွင်း လုပ်ကိုင်နေတာနှင့် ပတ်သက်ပြီးတော့ လက်ရှိကျောက်မီးသွေးတူးဖော်ခြင်းကို ငွေရည်ပုလဲကုမ္ပဏီအနေနဲ့ လုပ်ပိုင်ခွင့်ကို မည်ကဲ့သို့ လျှောက်ထားပြီးတော့ လုပ်ပိုင်ခွင့်ရရှိပါသလဲ။ ယင်းသို့လုပ်ပိုင်ခွင့်မရရှိမီ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာမယ့် ထိခိုက်နစ်နာမှုနှင့် ပတ်သက်ပြီးတော့ ကျန်းမာရေးထိခိုက်နစ်နာမှုဆိုင်ရာဆန်းစစ်ခြင်း (HIA)၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆိုင်ရာဆန်းစစ်ခြင်း (EIA)၊ လူမှုစီးပွားရေးထိခိုက်နစ်နာမှုဆိုင်ရာဆန်းစစ်ခြင်း(SIA) တို့ကို ဆောင်ရွက်ခြင်းရှိ/မရှိ။ ရှိပါက ယင်းလေ့လာဆန်းစစ်တွေ့ရှိချက်တွေကို လွှတ်တော်၌သော်လည်းကောင်း၊ အများပြည်သူသို့လည်းကောင်း ရှင်းပြ/ချပြရန်မည်ကဲ့သို့ ဆောင်ရွက်ပါမည်နည်း။ လုပ်ပိုင်ခွင့်ပြုရာမှာ ဒေသခံပြည်သူများရဲ့ဆန္ဒကို မည်ကဲ့သို့အလေးထားပါသနည်း။ လက်ရှိဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ခြင်းကို ကန့်ကွက်နေကြခြင်းအပေါ်မှာ မည်ကဲ့သို့အလေးထားစဉ်းစားဆောင်ရွက်ပေးပါသလဲ။ ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ ပျက်စီးနေတဲ့သဘာဝဝန်းကျင်များကို ကုမ္ပဏီအနေနဲ့ မည်ကဲ့သို့ ပြန်လည်ကုစားမည်ကို အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့၊ ကျွန်တော် မည်သည့်အချိန်မှာကုစားမည်နှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမည်ဖြစ်ပါတယ်။

တင်ပြပါ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် နမ္မကျေးရွာအုပ်စု၊ ကုန်းပေါင်-နားကွန်ဒေသမှာ တည်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မြေဧရိယာအားဖြင့် ၂၇၉၆.၇၅ ဧကမှာ သတ္တုတွင်းဦးစီးဌာနရဲ့ ၃၁-၈-၂၀၁၀ ရက်စွဲပါစာအရ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်အမှတ်၊ ၀၀၁၃/၂၀၁၀ အရ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ကျောက်မီးသွေးအကြီးစားထုတ်လုပ်မှု လုပ်ငန်း သဘောတူစာချုပ်ကို ၃၁-၈-၂၀၁၀ မှာ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ၃၁-၈-၂၀၁၀ မှာကနေ ပြီးတော့ ၃၀-၈-၂၀၂၀ ထိ ၁၀ နှစ်တာသက်တမ်းကို ကျောက်မီးသွေးထုတ်လုပ်မှုအတွက် လုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိပါတယ်။ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကို လုပ်ကိုင်ခွင့်ပြု ထားတဲ့ ကျောက်မီးသွေးအကြီးစားလုပ်ကွက်ဟာ ရွာမှာရှိတဲ့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊ ကျောက်မဲမြို့နှင့် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ရဲ့ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊ လားရှိုး မြို့နယ် သစ်တောဦးစီးဌာနနှင့် သီပေါမြို့နယ် သစ်တောဦးစီးဌာနတို့နှင့် ကွင်းဆင်းဆောင်ရွက်ပြီး ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ကျောက်မဲမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရဲ့ ကန့်ကွက် ရန်မရှိကြောင်းထောက်ခံချက်၊ သီပေါမြို့နယ် မြေစာရင်းဦးစီးဌာနရဲ့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ မြေစာရင်းပုံစံ(၁၀၅) အရ ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးပြီးတော့ လုပ်ငန်း သဘော တူစာချုပ်များကို ချုပ်ဆိုတဲ့လုပ်ကွက်ဖြစ်ပါတယ်ခင်ဗျား။

အဲဒီအချိန်အခါတုန်းက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူထုရဲ့သဘောထားများ ကိုတော့ တောင်းခံမှုမရှိကြောင်း ကျွန်တော်တို့ သိရပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ မထုတ်ပြန်မီကာလအတွင်းမှာ ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာမယ့် ခုနက တင်ပြပါ HIA, EIA, SIA များ ကိုတော့ ဆောင်ရွက်ခြင်းမရှိပါဘူး။ အဲဒါကြောင့်မို့လို့ အမှတ်(၁)သတ္တုတွင်းဦးစီးဌာနကနေပြီးတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ရက်စွဲအရ ရက်စွဲပါစာအမှတ်(၅၀၂/စက်မှုတွင်းထွက် ကုန်ကြမ်း/ကုမ္ပဏီ/ထလ-၂/၂၀၁၆ အရ EIA, SIA, HIA သတ္တုတွင်းပိတ်မှုစီမံချက်(Mine Closure Plan)နဲ့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီအစဉ်များကို ရေးဆွဲတင်ပြရန် အကြောင်း ကြားခဲ့ပါတယ်။ အဲဒီအကြောင်းကြားခဲ့တဲ့အပေါ်မှာ ကုမ္ပဏီကနေပြီးတော့ အသိအမှတ်ပြု တတိယ အဖွဲ့အစည်းဖြစ်တဲ့ (Third Party/Third Person) ဖြစ်တဲ့ Resource and Environmental

Myanmar နဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ကပဲ စာချုပ်ချုပ်ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ကုမ္ပဏီရဲ့အစီရင်ခံစာတင်ပြချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပေးပို့စိစစ်သွားစေမှာဖြစ်ပါတယ်။ စိစစ်ပြီးတော့အတည်ပြုတဲ့အခါမှာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အတိုင်း ကုမ္ပဏီကနေပြီးတော့လိုက်နာဆောင်ရွက်စေရေးနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနဲ့ဒေသခံပြည်သူများကိုလည်းပဲ ကျွန်တော်တို့ အကြောင်းကြားပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ခြင်းကို ကန့်ကွက်နေကြ ခြင်းအပေါ်မှာ နမ္မကျေးရွာအုပ်စုဒေသခံရွာသားများနှင့် ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်က တာဝန်ရှိသူများဟာသီပေါမြို့နယ်၊ နမ္မကျေးရွာအုပ်စု ရွာဦးဘုန်းကြီးကျောင်းမှာ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ကုန်းပေါင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပြိန်းဆိုင်းကျေးရွာ၊ နားကွန်ကျေးရွာ၊ ကုန်းပေါင်ကျေးရွာ၊ နားနန်းကျေးရွာ၊ ပါတပ်ကျေးရွာ၊ ဝမ်လုံကျေးရွာ၊ နားနွေးကျေးရွာကနေပြီးတော့ ရွာသူကြီးများ နှင့် ရပ်မိရပ်ဖအပါအဝင်အားလုံးစုစုပေါင်း ၅၅ ဦးတက်ရောက်ခဲ့ပြီးတော့ အချက်သုံးချက်ကို ကုမ္ပဏီ ကနေပြီးတော့ဆောင်ရွက်ပေးပါရန်၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်လည်းပဲ ကုမ္ပဏီကို တင်ပြထားပါတယ်။ ဒီကျေးရွာသားများရဲ့တင်ပြချက်သုံးခုနှင့် ဆောင်ရွက်ရာတွင် အသင့်အတင့်ပြီးတာတွေကျွန်တော် ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

တင်ပြချက် သုံးခုကတော့ (၁) ပြိန်းဆိုင်းကျေးရွာ ကမ်းပါးပြိုမှုမရှိခြင်း၊ လုပ်ကွက်ဟောင်းများအတွင်းမှာ ကျွဲ/နွား လူများ မတော်တဆမကျဆင်းရေးအတွက် ခြံစည်းရိုးကာပေးခြင်း တောင်းဆိုခဲ့ပါတယ်။ အဲဒါနှင့်ပတ်သက်ပြီးတော့ တိုင်စိုက်တာပြီးကြောင်းသိရပါတယ်။ တောင်ကျချောင်းရေလယ်ယာစိုက်ပျိုးရေးအတွက် လယ်ကွက်အတွင်းသို့ စီးဝင်စေရန် ရေလွှဲမြောင်းပြုလုပ်ခြင်းနှင့်ပတ်သက်ပြီးတော့၊ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ၁၀ ရာခိုင်နှုန်းခန့်ပြီးတဲ့အကြောင်းကို သိရပါတယ်။ သို့သော်လည်းပဲ စက်နဲ့တူးဖော်တဲ့အခါမှာ မိုးရွာတဲ့အတွက်ကြောင့်မို့လို့ ရပ်ဆိုင်းထားကြောင်း သိရပါတယ်။ ပြိန်းဆိုင်းကျေးရွာနှင့် ဘုန်းကြီးကျောင်းအကြားမှာရှိတဲ့ မြေတစ်ဧကအပေါ် မှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှာ ဆေးပေးခန်းဆောက်လုပ်ရန်အတွက်လည်းပဲ ကျွန်တော်တို့ ဒါကို တင်ပြ ထားပါတယ်။ အဲဒါနှင့်ပတ်သက်ပြီးတော့ အောက်ကဖောင်ဒေးရှင်းကိုတော့ ပြီးစီးကြောင်းကိုလည်း ကျွန်တော်တို့

သိရပါတယ်။ ပြိန်းဆိုင်းကျေးရွာမှာရှိတဲ့ ကျောင်းလျှန်းဓမ္မာရုံ ပြုပြင်တည်ဆောက်ရေးကို လည်းပဲ တင်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ကတော့ ဆောင်ရွက်မှုမရှိသေးကြောင်း သိရပါတယ်။ ပြိန်းဆိုင်း တောင်ပေါ် ဘုရားမီးရရှိရေး၊ ပရဝုဏ်အတွင်း ကွန်ကရစ်ခင်းခြင်းကတော့ ဓာတ်တိုင် စိုက်ပြီးကြောင်း သိရပါတယ်။ (၂) နားကွန်းကျေးရွာစာသင်ကျောင်း ကျောင်းဆောင်သစ်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ စတင်တည်ဆောက်ပေးရေးနဲ့ ပတ်သက်ပြီးတော့ လုပ်ဆောင်မှုမရှိသေးကြောင်း သိရပါတယ်။ နားကွန်အလယ်ရွာရေကြောင်းဘေးမှာ ကျေးရွာရေချိုးဆိပ်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ တည်ဆောက် ပေးရေးနှင့် ပတ်သက်လို့လည်းပဲ လုပ်ဆောင်မှုမရှိသေးကြောင်း သိရပါတယ်။ နားကွန်ကျေးရွာနှင့် နားကွန်းနှင့် ကျေးရွာကြားလမ်းအပိုင်း အလျား ၁၀ ပေ အနံ ၁၂ ပေရှိတဲ့ တံတား တည်ဆောက်ရေးကိုတော့ လမ်းအထူး (၆)ယောက်နှင့် ဒီဇိုင်းဆွဲပြီးတော့ ဆောင်ရွက်နေကြောင်း သိရပါတယ်။ နံပါတ်(၃)အချက်ဖြစ်တဲ့ နမ္မချောင်းရေလွှဲဆည်ကနေပြီးတော့ နောင်နွေးကျေးရွာ လယ်ကွက်ကို ရေအားလျှပ်စစ်စက်ရုံအတွင်းစီးဆင်းတဲ့ ရေမြောင်းထိပ်မှာ ရေထိန်းပွန်မဖြစ်မနေ တည်ဆောက်ပေးရေး၊ နောင်နွေးရွာကိုစီးဆင်းတဲ့ ရေပေးရေးမြောင်းမှာ ရေအားလျှပ်စစ်စက်ရုံနှင့် အောက်ဖက်တစ်နေရာမှာ ရေပိုမြောင်းတစ်ခု တည်ဆောက်ပြီးဖြစ်ပါတယ်။ အဲဒီလုပ်ငန်းနှင့် ပတ်သက်လို့ကတော့ ၁၀ ရာခိုင်နှုန်းခန့်ပြီးပြီးတော့ မိုးရွာတဲ့အတွက်ကြောင့်မို့လို့ စက်ကြီးများနဲ့ တူးဖော်မှုကိုတော့ ရပ်ဆိုင်းထားတာသိရပါတယ်။ ကျောက်မီးသွေးအကြီးစားထုတ်လုပ်မှု လုပ်ပိုင်ခွင့် ရရှိထားတဲ့ ငွေရည်ပုလဲသတ္တုကုမ္ပဏီကနေပြီးတော့ ဒေသခံပြည်သူများရဲ့လိုအပ်ချက်များကိုလည်း ဆောင်ရွက်ခဲ့တဲ့အကြောင်းကို ကျွန်တော့်အား တင်ပြခွင့်ပြုပါ။ ၂၀၁၂-၂၀၁၃ မှာတော့ နမ္မကျေးရွာ အုပ်စု ဘုန်းတော်ကြီးကျောင်းကို ပြုပြင်ပေးပါတယ်။ အခြေခံပညာကျောင်း အုတ်တံတိုင်းနှင့်သံပန်း များ တည်ဆောက်ပေးပါတယ်။ နောင်နွေးကျေးရွာအနီးမှာ နမ္မချောင်းတံတားကို တည်ဆောက်ပေးပါ တယ်။ နမ္မချောင်းရေလွှဲမြောင်းနှင့် ရေသွယ်မြောင်းတံတားတည်ဆောက်ပေးခြင်း၊ ချဉ်းကပ်လမ်း မြေဖို့၊ မြေသယ်ခြင်း စုစုပေါင်းငွေသိန်း ၆၆၅ သိန်း အကုန်အကျခံခဲ့တယ်လို့ သိရပါတယ်။ (၂) ၂၀၁၃-၂၀၁၄ မှာ သီပေါ၊ ပြိန်းဆိုင်း၊ မန်လုံ၊ နားနွေးနှင့် ကုန်းပေါင်ကျေးရွာတွေမှာ နှစ်မိုင်ရှည်တဲ့ ရွာရှောင် လမ်း ဖောက်ပေးခြင်း၊ နမ္မကျေးရွာဘုန်းကြီးကျောင်းနှင့် ပင်မဆောင်ပြုပြင်တည်ဆောက်ပေးခြင်း၊ နမ္မ ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်းဆောက်လုပ်ခြင်းနှင့် ရေလောင်းအိမ်သာဆောက်လုပ်ခြင်း အတွက် စုစုပေါင်း ၁၇၅.၅ သိန်း လှူဒါန်းပြီးကြောင်း သိရပါတယ်။ (၃) ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဘုန်းကြီးကျောင်းပြုပြင်ခြင်း၊ သိမ်ဆောက်လှူဒါန်းခြင်း၊ သာရေး/နာရေးလှူဒါန်းမှုတွေနှင့် နမ္မအုပ်ချုပ်

ရေးမှူး ရေအိမ်သာဆောက်လုပ်ပေးခြင်း၊ ပြိန်းဆိုင်းကျေးရွာမှာ ရေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ နောင်နွေးရေမြောင်းရေသွယ်မှု တည်ဆောက်ပေးခြင်း၊ နားနွဲ့တံတားတည်ဆောက်ပေးခြင်း၊ နမ့်မာလယ် ရွာလယ်ကွန်ကရစ်တံတား တည်ဆောက်ပေးခြင်း၊ နားကွန်လမ်းခင်းပေးခြင်း၊ မန်လုံ-နန့်ပေါင်-နမ့်တူ အ.မ.ကစာသင်ကျောင်းများမှာ ပညာရေးလှူဒါန်းမှုများပြုလုပ်ပေးခြင်း၊ နမ့်ရေအား လျှပ်စစ် တည်ဆောက်ရေးအတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနဲ့ စုစုပေါင်း သိန်းပေါင်း ၂၀၂၂.၆၁ သိန်းလှူဒါန်းပြီးကြောင်း သိရပါတယ်။ (၄) ၂၀၁၅-၂၀၁၆ မှာ ကျောင်းထိုင်ဘုန်းကြီး ကျောင်း နှစ်ထပ်ကျောင်းဆောက်လုပ်ပေးခြင်း၊ နမ့်ဘုန်းကြီးကျောင်းမှာ အသုံးပြုရန် TOYOTA Fortune ကားအမျိုးအစားဝယ်ယူရန်အတွက် မတည်ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခြင်း၊ နားကွန် တံတား၊ နားနန်းတံတား၊ ကျောင်းပိုင်စာသင်ကျောင်းများ ရေအိမ်ဆောက်လုပ်ပေးခြင်း၊ နမ့်ရေအား လျှပ်စစ်တည်ဆောက်ခြင်း၊ မီးသွယ်တန်းခြင်း၊ ပြိန်းဆိုင်းရေကန် ကာရံပေးခြင်းအတွက် စုစုပေါင်း ၈၈၉.၉၉ သိန်း လှူဒါန်းပြီးကြောင်း သိရပါတယ်။

ဒါကြောင့်မို့လို့ ကုန်းပေါင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပြိန်းဆိုင်းကျေးရွာ၊ နားကွန် ကျေးရွာ၊ ကုန်းပေါင်ကျေးရွာ၊ နားနန်းကျေးရွာ၊ ပါတပ်ကျေးရွာ၊ ဝမ်လုံကျေးရွာ၊ နားနွေးကျေးရွာများမှ ရွာသူကြီး များနှင့် ရပ်မိရပ်ဖများရဲ့တောင်းဆိုမှု သုံးချက်ကိုတော့ ကျွန်တော် ခုနက တင်ပြပါအတိုင်း ကာလအပိုင်းအခြားအလျောက်နှင့် တစ်ပြေးညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းကို ကုမ္ပဏီကနေ ပြီးတော့ တင်ပြထားပါတယ်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု(EMP)စီမံချက်ကို တင်ပြရန်ကိုတော့ ကုမ္ပဏီ ကနေပြီးတော့ ကျွန်တော်တို့ တရားဝင်အကြောင်းကြားချက်အရ ကုမ္ပဏီကဆောင်ရွက်နေကြောင်း သိရပါတယ်။ ဆောင်ရွက်ပြီးစီးလို့ရှိရင်လည်း ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြပါအတိုင်း ကျွန်တော်တို့ လွှတ်တော်ကိုတင်ပြပေးပါမယ်ခင်ဗျား။ ကျွန်တော့်တင်ပြမှု ဒီမျှပဲဖြစ်ပါပြီခင်ဗျား။

**တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံတစ်ခုချင်းအလိုက် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုအခြေအနေ လေ့လာစိစစ်ရေးပညာရှင် အဖွဲ့တစ်ရပ် ဖွဲ့စည်း၍သုတေသနပြု စိစစ်သုံးသပ်ချက်များ ထုတ်ပြန်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုက်မရောမြို့နယ်ဟာ သဘာဝကျောက်တောင်ကြီးခြောက်တောင်နှင့် တောင်ငယ် ၅၀ ကျော်ရှိတဲ့အတွက် အရင်အစိုးရလက်ထက်မှာ ဘိလပ်မြေစက်ရုံသုံးရုံ တည်ဆောက်ခွင့်ပြုခဲ့ပါတယ်။ ဒီစက်ရုံသုံးရုံအနက် ထိုင်းကုမ္ပဏီပိုင် Mawlamyine Cement Limited(MCL) ဘိလပ်မြေစက်ရုံဟာ ဆောက်လုပ်ပြီးစီးဖို့ အနည်းငယ်သာကျန်ပြီး လည်ပတ်ဖို့အတွက် မွန်ပြည်နယ်အစိုးရထံ တင်ပြထားဆဲဖြစ်ကြောင်း ကြားသိရပါတယ်။ ကျန်စက်ရုံနှစ်ရုံကတော့ မြေပြင်အနေအထား စိစစ်ဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျာ။ အဆိုပါ MCL ဘိလပ်မြေစက်ရုံဟာ မြေဧက ၁၄၀၀ ကျော်ပေါ်မှာ တည်ဆောက်ထားပြီး တစ်နေ့ကို တန် ၅၀၀၀ ကျ နေ့စဉ် အိတ် ၁၀၀၀၀၀ ထုတ်မယ့် စက်ရုံကြီးဖြစ်တာကြောင့် မြို့နယ်ဧရိယာရဲ့ ၂၅ ရာခိုင်နှုန်းနဲ့ လူဦးရေငါးသောင်းကျော်ပေါ်မှာ အဆိုးအကောင်း အကျိုးသက်ရောက်မှုတွေရှိနေပါတယ်။ ကျောက်မီးသွေးစွမ်းအင်အသုံးပြုမှုကြောင့် လူတွေရဲ့ကျန်းမာရေးကို ဆိုးဆိုးရွားရွားထိခိုက်မယ်။ ပျံ့လွင့်လာတဲ့ကျောက်မှုန်များကြောင့် လူတွေ၊ စိုက်ပျိုးပင်တွေ၊ သောက်သုံးရေတွေ စတဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှာကို ဒေသခံပြည်သူများက စိုးရိမ်ပူပန်နေကြပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ်ကစပြီး စက်ရုံတည်ဆောက်ခဲ့ရာမှာ ဒေသခံပြည်သူတွေအပေါ်မှာ အလေးအနက်ထားပြီး ပွင့်လင်းမြင်သာတဲ့ ထုတ်ပြန်ကြေညာမှုတွေ အားနည်းခဲ့တာကြောင့် ၂၀၁၆ ခုနှစ်၊ ဧပြီလထဲမှာ ဒေသခံပြည်သူ ၃၇၀၀ ကျော်က လက်မှတ်ထိုးပြီး ဒီကျောက်မီးသွေးစွမ်းအင်သုံးစက်ရုံ လည်ပတ်တာကိုကန့်ကွက်ကြောင်း နိုင်ငံတော်အစိုးရထံ အဆိုပြုတင်ပြခဲ့ကြပါတယ်။ ဒီအတိုင်း ဘိလပ်မြေစက်ရုံလည်ပတ်ခွင့်ပြုလိုက်လျှင် ဒေသခံ မွန်၊ ကရင် တိုင်းရင်းသားတွေရဲ့ဆန္ဒကို ဥပေက္ခာပြုရာရောက်နိုင်သလို တိုင်းရင်းသားတွေဟာ ဖိနှိပ်ခံရတယ်ဆိုပြီး

အထင်လွဲမှားစရာတွေ ရှိလာနိုင်ပါတယ်။ တစ်ဖက်ကကြည့်ပြန်လျှင်လည်း ဒီစက်ရုံကြောင့် ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ပိုမိုရရှိလာသလို လမ်းပန်းဆက်သွယ်ရေးတွေ အရင် ကထက်ပိုကောင်းလာခဲ့ပါတယ်။ ဒေသခံတွေအတွက် လူမှုဖွံ့ဖြိုးရေးအထောက်အပံ့တွေ ပိုမိုရရှိလာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ကျွန်တော်တို့နိုင်ငံ ပြန်လည်တိုးတက်ဖို့ဆိုရင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေဟာ အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းမှာ ကျောက်မီးသွေး စွမ်းအင်သုံးစက်ရုံတွေ၊ ကျောက်မီးသွေးမိုင်းတွေရှိပါတယ်။ ဒီစက်ရုံတွေ၊ မိုင်းတွေကြောင့် ဒေသအလိုက် အကျိုးသက်ရောက်မှု အဆိုးအကောင်းတွေရှိမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရလက်ထက်မှာ ဒီစက်ရုံတွေမိုင်းတွေရဲ့ အကျိုးသက်ရောက်မှုကို စနစ်တကျစိစစ်ပြီး စက်ရုံတွေ လည်ပတ်သင့်/မသင့်ကို ဒေသခံပြည်သူတွေထံ ပွင့်လင်းမြင်သာစွာ ချပြဖို့လိုမည်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးချင်တဲ့ ပထမမေးခွန်းက သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျောက်မီးသွေး စွမ်းအင်သုံးစက်ရုံတစ်ခုချင်းအလိုက် သဘာဝပတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက်မှုအခြေအနေ စိစစ်လေ့လာရေး ကျွမ်းကျင်ပညာရှင်အဖွဲ့ တစ်ရပ်ဖွဲ့စည်းပြီး လေ့လာစိစစ်သုံးသပ်ချက်များ ထုတ်ပြန် ကြေညာပေးဖို့ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါ ကြောင်းနှင့် ဒုတိယမေးခွန်းကတော့ အဆိုပါ MCL ဘိလပ်မြေစက်ရုံကရရှိလာတဲ့ အကျိုးအမြတ်ကို နိုင်ငံတော်နှင့်ထိုင်းကုမ္ပဏီတို့ မည်သို့ခွဲဝေရယူရန် သဘောတူထားကြောင်း နိုင်ငံတော်အတွက် ခွဲဝေရရှိမှုအပေါ်မှ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ကျိုက်မရောမြို့နယ်ရဲ့ ပြည်သူ များရဲ့ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်ရန် စီစဉ်လျာထားမှုများ ရှိ/မရှိသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်ရဲ့ ပထမမေးခွန်းဖြစ်တဲ့ ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံတစ်ခုချင်းအလိုက်

သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုအခြေအနေ လေ့လာစိစစ်ရေး ပညာရှင်အဖွဲ့ တစ်ရပ်ဖွဲ့စည်း၍ သုတေသနပြု စိစစ်သုံးသပ်ချက်များ ထုတ်ပြန်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ မရှိပါ မည်သည့်အတွက်ကြောင့် ဖြစ်ရကြောင်းနှင့် သိလိုကြောင်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒမှာ ပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထားရှိမှာဖြစ်ကြောင်း သတ်မှတ်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ ပါ သတ်မှတ်ချက်များနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့က ကျွန်တော်တို့ ထုတ်ပြန်ခဲ့ကြေညာခြင်း ဖြစ်ပါတယ်။ ခုနက တင်ပြပါ မော်လမြိုင် MCL(Mawlamyine Cement Limited)ကနေပြီးတော့ ဘိလပ်မြေထုတ်လုပ်မှု၊ ဖွံ့ဖြိုးရောင်းချခြင်း လုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းရဲ့ နောက်ဆက်တွဲ(က)အရ အဆိုပါလုပ်ငန်းဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် အစီအမံများကို စနစ်တကျ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ထားခြင်းရှိ၊ မရှိပါက ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေနိုင်ပြီးတော့ လုပ်ငန်းအကောင်အထည်မဖော်မီ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း EIA ကို မဖြစ်မနေဆောင်ရွက်ရန်နှင့် အဆိုပါ EIA ပါ အကြံပြုချက်များနှင့် EMP (Environmental Management Plan)ကို ရေးဆွဲပြီးတော့ စနစ်တကျအကောင်အထည်ဖော်ရေး လုပ်ဆောင်သွားရန် လိုကြောင်းကိုတော့ သဘောထားမှတ်ချက်နှင့်တကွ စက်မှုဝန်ကြီးဌာန ယခင်သတ္တုတွင်းဦးစီးဌာနနဲ့ မွန်ပြည်နယ်အစိုးရတို့ ကနေပြီးတော့ သဘောထားမှတ်ချက်များအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှာ ကျင်းပတဲ့ ၁၁/၂၀၁၃ ကြိမ်မြောက် အစည်းအဝေး မှတ်တမ်းက လုပ်ပိုင်ခွင့်ကိုတော့ လုပ်ငန်းလုပ်ပိုင်ခွင့်ကို အတည်ပြုပြီးတော့ ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်နေ့ရက်စွဲနှင့် ခွင့်ပြုမိန့်အမှတ်(၅၇၄/၂၀၁၃)နဲ့ ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများအရ EMB အပါအဝင် IEE၊ EIA အစီရင်ခံစာများကို ရင်းနှီးမြှုပ်နှံသူများကနေပြီးတော့ တတိယအဖွဲ့အစည်း Third Party ကို ငှားရမ်းပြီးတော့ သေချာစွာလေ့လာဆန်းစစ်ပြီး ရေးဆွဲပြီးတော့မှာ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ စီမံကိန်းလုပ်ငန်းများ တစ်ခုချင်းအလိုက်တင်ပြလာတဲ့ EMP အပါအဝင် IEE၊ EIA အစီရင်ခံစာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဦးစီးဌာနမှာရှိတဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာစိစစ်ရေးသုံးသပ်မှု ကော်မတီကနေပြီးတော့ အကြိမ်ကြိမ် ကျွန်တော်တို့ဆွေးနွေးသုံးသပ်ပါတယ်။ သုံးသပ်ပြီးတော့ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အနည်းဆုံးဖြစ်စေကြောင်း အတည်ပြုမှသာ လုပ်ငန်းလုပ်ကိုင်မှုသင့်/မသင့်ကို ဆုံးဖြတ်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ အတည်ပြုချက်ကို ရရှိယူပြီးတော့ အကြောင်းပြန်ထားပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီလို သက်ဆိုင်ရာဌာနအသီးသီးက ကျွမ်းကျင်တဲ့ပညာရှင်များ ပါဝင်တယ်။ ဖွဲ့စည်း ဆောင်ရွက်ပြီးတိုင်း ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျောက်မီးသွေး စွမ်းအင် သုံးစက်ရုံတစ်ခုချင်းအလိုက် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုအခြေအနေ လေ့လာစိစစ်ရေးပညာရှင်အဖွဲ့တစ်ရပ် ဖွဲ့စည်းပြီးတော့ သုတေသနစိစစ် သုံးသပ်ချက်များ စီစဉ် ဆောင်ရွက်ပေးရန်ကား မလိုအပ်ပါကြောင်း ကျွန်တော်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ ခုနက တင်ပြပါ အဖွဲ့အစည်းမှာပဲ ကျွမ်းကျင်တဲ့ပညာရှင်များ အားလုံးပါဝင်ပြီး သောကြောင့် ဖြစ်ပါတယ်။

ခုန MCL နေပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် ကျောက်မီးသွေးသုံး လျှပ်စစ်အား ထုတ်လုပ်မှုစက်ရုံကို ဒေသခံပြည်သူ ၃၇၈၀ ကနေပြီးတော့ လက်မှတ်ရေးထိုး ကန့်ကွက်ထားမှုနှင့် ပတ်သက်ပြီးတော့ မွန်ပြည်နယ်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ ကရင်တိုင်း ရင်းသားလူမျိုးရေးရာဝန်ကြီး ဌာနတို့က ဝန်ကြီးများအနေနဲ့ နာယကအဖြစ် ဆောင်ရွက်ပြီးတော့ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးအဖွဲ့ကနေပြီးတော့ အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်တဲ့အဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ ကွင်းဆင်းလေ့လာခဲ့ပါတယ်။ စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့နေရာမှာ MCL မှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက် ၄၀ မီဂါဝပ်ရှိတဲ့အတွက်ကြောင့်မို့လို့ ၂၀ မီဂါဝပ်ထုတ်နိုင်တဲ့ ဓာတ်အားပေးစက်ရုံနှစ်ရုံကို ၂၀၁၅ ခုနှစ်မှာ စတင်တည်ဆောက်မှာ ဖြစ်ပြီးတော့ စက်ရုံအနေနဲ့ ကျောက်မီးသွေးအသုံးပြုတဲ့ အတွက်ကြောင့်မို့လို့ ဖြစ်ပေါ်လာတဲ့သက်ရောက်မှုတိုင်းကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ထားမှုရှိတာကိုတော့ စစ်ဆေးတွေ့ရှိကြောင်း သိရပါတယ်။ အဆိုပါ MCL ကို (Resource and Environment Myanmar-REM (Third Party)အနေနဲ့ ရေးဆွဲထားတဲ့ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်မှုအစီရင်ခံစာ (EIA) ကိုတော့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သုံးသပ်ရေးအဖွဲ့ ကနေပြီးတော့ စိစစ်သုံးသပ်နိုင်ရေးအတွက် အတည်ပြုချက်ရယူ တင်ပြရန်လိုအပ်ကြောင်း၊ EIA

အစီရင်ခံစာမှာ ရေးသားဖော်ပြထားတဲ့ ထိခိုက်မှုကို ထိခိုက်မှုများအား လျော့နည်းစေရန် ဆောင်ရွက်ရမယ့်အစီအစဉ်များကို စနစ်တကျ စောင့်ကြပ်ပေးရန်အတွက် အချိန်ကာလ Test Running တစ်ခုကို သတ်မှတ်ပြီးတော့ စမ်းသပ်လည်ပတ်မှုပြုလုပ်သင့်ကြောင်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုဘဝနှင့် ကျန်းမာရေးထိခိုက်မှု အနည်းအများအပေါ်မူတည်ပြီးတော့ ဆက်လက်လည်ပတ်ခွင့်ပြု/မပြုကို ဆုံးဖြတ်သင့်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ တွေ့ရှိချက်နှင့် အကြံပြုချက်များကို တင်ပြထားကြောင်းသိရပါတယ်။ အဆိုပါအစီရင်ခံစာပါ အချက်အလက်များအပေါ်မူတည်ပြီးတော့ ဥပဒေ၊ နည်းဥပဒေများ၊ EIA ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကတော့ ကျိုက်မရောမြို့နယ်၊ ကျောက်မီးသွေးသုံး စွမ်းအင်သုံး MCL ဘိလပ်မြေစက်ရုံကရရှိလာတဲ့အကျိုးအမြတ်အပေါ်မှာ နိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့က မည်ကဲ့သို့ ခွဲဝေရန် သဘောတူထားကြောင်း နိုင်ငံတော်အတွက် ခွဲဝေရရှိမှုအပေါ်မှာ ဒေသခံ ကျိုက်မရောမြို့နယ် ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ လျှပ်စစ် စတဲ့ လူမှုဖွံ့ဖြိုးတိုးတက်မှုများအတွက် ဦးစားပေးဆောင်ရွက်ရန် စီစဉ်ထားမှုရှိ/မရှိနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ အဆိုပါ ဘိလပ်မြေစက်ရုံဟာ နိုင်ငံတော်အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ခြင်းမဟုတ်ဘဲနဲ့ မြန်မာနိုင်ငံသားပိုင် Pacific Link Cement Industries Ltd. အစုရှယ်ယာ ၃၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ SCG (Siam Cement Group က အစုရှယ်ယာ ၇၀ ရာခိုင်နှုန်းနဲ့ ပုဂ္ဂလိကအကျိုးတူ ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းဖြစ်ပါတယ်ခင်ဗျား။ ဘိလပ်မြေထုတ်ရန် လိုအပ်တဲ့ စက်မှုကုန်ကြမ်း ထုံးကျောက်များကိုသာ ရယူသုံးစွဲတဲ့ထုံးကျောက် အကြီးစား ထုတ်လုပ်ခွင့်အတွက် Pacific Link Cement Industry နဲ့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ဟာ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ကနေပြီးတော့ ၂၀၃၆ ခုနှစ်၊ မတ် ၁၅ ရက်အထိ နှစ်ပေါင်း ၂၅ နှစ်အထိကို ထုတ်လုပ်မှု အပေါ်မှာ ခွဲဝေခံစားတဲ့စနစ်နဲ့ လုပ်ငန်းစာချုပ်ချုပ်ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ထုတ်လုပ်မှုအချိုးခွဲဝေမှုကတော့ ကျွန်တော်တို့ ဓာတ်သတ္တုခွန်ကတော့ ၃ရာခိုင်နှုန်းလုံးကို ပယ်ရပါ တယ်။ ကျန်တဲ့တန်ချိန်ပေါ်မှာ ဌာနက ၃၀ ရာခိုင်နှုန်း၊ ကုမ္ပဏီက ၇၀ ရာခိုင်နှုန်း ခွဲဝေတဲ့ အချိုးဖြစ်ပါတယ်။ Pacific Link Cement Industry ကနေပြီးတော့ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း ထုံးကျောက်စုစုပေါင်း ၄၅၆၅၈၀ မက်ထရစ်တန်ကို ထုတ်လုပ်ပြီးကြောင်းနှင့် လုပ်ငန်းစာချုပ်အရ စုကြေးငွေ ကျပ်နှစ်သန်း၊ ဓာတ်သတ္တုခွန် ၃ ရာခိုင်နှုန်းအတွက် ကျပ် ၁၆၈.၃၇

သန်းနှင့် လုပ်ငန်းဝေစုအတွက် ကျပ် ၁၅၉၄.၃၈ သန်းကိုတော့ နိုင်ငံတော်ကို ပေးသွင်းပြီးဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်း၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်လာခြင်းနဲ့ အခွန်ငွေရရှိခြင်း၊ သွင်းကုန် အစားထိုးပစ္စည်းများရရှိခြင်း စတဲ့ အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီးတော့ အဆိုပါ MCL ကုမ္ပဏီ အနေနဲ့ ၎င်းတို့လုပ်ငန်းမှာရရှိတဲ့ နှစ်စဉ် အသားတင်အမြတ်ငွေရဲ့ ၂ ရာခိုင်နှုန်းကိုတော့ စီးပွားရေး လုပ်ငန်းများရဲ့ လူမှုရေးတာဝန်ရှိမှု (CSR) အဖြစ် သုံးစွဲမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို တင်ပြထားပြီးတော့ ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို သုံးစွဲရန်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားတဲ့အခွန်အခများကိုလည်း ပေးဆောင်သွားမှာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် ဆက်လက်တင်ပြချင်တာက ဒီကုမ္ပဏီအနေနဲ့ လိုအပ်ချက်အပေါ် မူတည်ပြီးတော့ ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပြီးတော့ ဒီလထဲမှာပဲ ပညာရည်ချွန်ဆုအတွက် ကျပ်သိန်း ၁၀၀ ကို လှူဒါန်းထားကြောင်းလည်း ကျွန်တော်တို့ သိရပါတယ်ခင်ဗျား။ ဟုတ်ကဲ့။ အားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်။

**မိုးကုတ်မြို့နယ်အတွင်းမှ စီးဆင်းလာသော ကျောက်ဆေးရေများကြောင့် မိုးမိတ်မြို့နယ်ရှိ ကင်းချောင်းရွာ အ.ထ.က(ခွဲ) စာသင်ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းနှင့် ကျေးရွာအချို့၏ လယ်မြေ ၂၁၅၈ ဧကနှင့် ယာမြေ ၄၀၅ ဧကတို့မှာ ပျက်စီးနေသောကြောင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်း ပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမေးမြန်းလိုတဲ့ အကြောင်းအရာကတော့ မိုးမိတ်မြို့နယ်အတွင်းမှာရှိတဲ့ ကင်းချောင်းကျေးရွာ အ.လ.က(ခွဲ)ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းနဲ့ သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာ၊ နဘူးရွာ၊ ရေတံခွန်ရွာ၊ ပသင်ရွာ၊ ကျိန်တောရွာ၊ မကျည်းပင်ရွာ၊ နမီရွာ၊ မိုးကောင်းဦးရွာများရှိ လယ်မြေဧက ၂၁၅၈ ဧကနဲ့ ယာမြေဧကပေါင်း ၄၀၅ ဧက ပျက်စီးနေမှုများသည် မိုးကုတ်မြို့နယ်

အတွင်းရှိ ကျောက်ဆေးရေများကြောင့် နွံနစ်ပျက်စီးနေပါသဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုးမိတ်ပြည်သူများဟာ အများအားဖြင့် တောင်သူလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းသော တောင်သူမြို့ဖြစ်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ငါးနှစ်ခန့်ကစလို့ မိုးကုတ်မြို့ရဲ့ စက်ယန္တရားကြီးများကို အသုံးပြုပြီး အင်နဲ့အားနဲ့ ကျောက်တူးဖော်နေမှုကြောင့် ၎င်းကျောက်ဆေးရေများဟာ အနိမ့်ပိုင်းဖြစ်တဲ့ မိုးမိတ်မြို့နယ်ထဲကို ပန်တန်းချောင်း၊ ရေတံခွန်ချောင်း၊ ကင်းချောင်းစတဲ့ ချောင်းရေများမှတစ်ဆင့် လယ်ယာမြေထဲသို့ အဆက်မပြတ် စီးဝင်နေမှုကြောင့် အခုဆိုလို့ရှိရင် လယ်ယာမြေဧကပေါင်း ၂၁၅၈ ဧကနဲ့ ယာမြေဧကပေါင်း ၄၀၅ ဧက ပျက်စီးနေပါတယ်ခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ မန္တလေး-တွင်းငယ်-မိုးမိတ်လမ်းကို ဒါဆက်သွယ်ပေးထားတဲ့ ကင်းချောင်းတံတား ဖြစ်ပါတယ်။ ဒီကင်းချောင်းတံတားဟာဆိုလို့ရှိရင် စီမံကိန်းစတဲ့နေ့ဟာ ၈-၁၁-၂၀၁၁ ခုနှစ်ဖြစ်ပြီးတော့ စီမံကိန်းပြီးတဲ့နေ့ဟာ ၃၁-၃-၂၀၁၄ ခုနှစ် ဖြစ်ပါတယ်။ ဒီတံတားရဲ့ ကျပ်တန်ဖိုးဟာ ကျပ်သန်းပေါင်း ၁၆၀၇.၅၀ သန်းဖြစ်ပါတယ်။ အင်မတန်မှ တန်ဖိုးကြီးတဲ့ တံတားဖြစ်ပါတယ်။ အခုဒီတံတားကို ကြည့်ချင်းအားဖြင့် အောက်ကအုတ်ခုံ မြုပ်နေပါတယ်။ နွံတွေတက်နေတာပါ။ အခုတံတားရဲ့အမြင့်ပေက ခြောက်ပေပဲ ရှိပါတော့တယ်။ ဒါကဆိုလို့ရှိရင် အ.လက(ခွဲ)ကျောင်းဖြစ်ပါတယ်။ ကင်းချောင်းက ဒီကျောင်းထဲကိုလည်း ရေတွေဟာအခုလိုပဲ စီးဝင်နေတာဖြစ်ပါတယ်။ ဒါကတော့ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဖြစ်ပါတယ်။ ဒီကျောင်းထဲမှာ ရေများစီးဝင်နေပါတယ်။ ဒါဆိုလို့ရှိရင် ပေကန်းရွာထဲကို စီးဝင်နေတဲ့ ချောင်းဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် ပန်တန်းချောင်းဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ပန်တန်းချောင်းထိပ်ကနေ စီးဝင်လာတဲ့အနေအထားကို ပြထားတာဖြစ်ပါတယ်။ ဒါတွေဟာဆိုလို့ရှိရင်လည်း လယ်ထဲဝင်တဲ့ နုန်းကနယ်တွေဟာ ထုတွေတက်နေတဲ့ဟာကို ဖော်ထုတ်ထားပြီးတော့မှ လယ်ယာကိုအသုံးပြုနေတာ ဖြစ်ပါတယ်။ ဒါတွေကတော့ လယ်ထဲဝင်တဲ့ နုန်းကနယ်တွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းပြည်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့တိုင်းပြည်ဖြစ်ပါတယ်။ အဓိက ဆန်ကိုစားသုံးတဲ့ လူမျိုးများလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ စပါးစိုက်ပျိုးတဲ့ လယ်မြေဧကများကို ထပ်မံမဖော်ထုတ်နိုင်ဘဲနဲ့ မိုးကုတ်မြို့ရဲ့ ကျောက်လုပ်ကွက်ကြောင့် လယ်ယာမြေများ

ပျက်စီးဆုံးရှုံးနေမှုကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြား ပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန )**။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတိုးသောင်ရဲ့ မိုးကုတ်မြို့နယ်အတွင်းမှ စီးဆင်းလာတဲ့ ကျောက်ဆေးရေများကြောင့် မိုးမိတ်မြို့နယ် အတွင်းမှာရှိကြတဲ့ ကင်းချောင်းရွာ အ.ထ.က(ခွဲ)ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းနဲ့ သစ်ဆိမ့်ကုန်း ရွာ၊ ပေကုန်းရွာ၊ နဘူးရွာ၊ ရေတံခွန်ရွာ၊ ပသင်ရွာ၊ ကျိန်တောရွာ၊ မကျည်းပင်ရွာ၊ နမီရွာနဲ့ မိုးကောင်းဦး ရွာများမှာ စုစုပေါင်းလယ်မြေဧက ၂၁၅၈ ဧကနဲ့ ယာမြေဧကစုစုပေါင်း ၄၀၅ ဧကကို ပျက်စီးစေတဲ့ အပြင် ဆက်လက်ပြီးတော့ ပျက်စီးနေသောကြောင့် မည်ကဲ့သို့ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို သိရှိလိုကြောင့်နှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မိုးကုတ်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၃၈၆၀ ခန့်မှာရှိပြီးတော့ မိုးရေချိန်လက်မ နှစ်စဉ် ၁၀၂ လက်မ ရှိပါတယ်။ ရွာသွန်းတဲ့ဒေသဖြစ်ပါ တယ်။ မိုးရေချိန်များတဲ့ဒေသထဲမှာပါပါတယ်။ ဒါကြောင့် ကျွန်တော့်ကို Power Point နဲ့တင်ပြခွင့်ပြု ပါခင်ဗျား။ ပန်ဒါန်းချောင်းဟာ မိုးကုတ်မြို့နယ် ချောင်းကြီးဟိုဝိုင်းသို့မှ၊ မားနား၊ ကျောက်ဝါကနေ စီးဆင်းပြီးတော့ မိုးမိတ်မြို့နယ်၊ နမီကျေးရွာ၊ ပန်ဒါန်းကျေးရွာ၊ မိုးကောင်းဦးကျေးရွာများက ဖြတ်သန်း ပြီးတော့ နမ့်မိတ်ချောင်းအတွင်းမှာ ပေါင်းဆုံပါတယ်။ ဒီကင်းချောင်းဟာ မိုးကုတ်မြို့နယ်နဲ့ ကင်းရွာမှာ စတင်ပြီးတော့ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု၊ ကျေးရွာများအနီး ဖြတ်သန်းပြီးတော့ မိုးမိတ်မှစီးလာတဲ့ နမ့်မိတ်ချောင်းထဲသွားပြီးတော့ ရွှေလီမြစ်ထဲကို စီးဝင်သွားတာကို ဤမြေပုံအရ တွေ့ ရပါတယ်။ အဲဒီအဆိုပါ ချောင်းများရဲ့ ချောင်းကြမ်းပြင်မြင့်တက်လာခြင်းဟာ (၁) မိုးတွင်းကာလ ရေတိုက်စားမှုကြောင့် တောင်ပြိုခြင်း၊ (၂) အမှိုက်သရိုက်များ ချောင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ (၃) ချောင်းအတွင်းပိတ်တန်းများပြုလုပ်၍ ရေအားလျှပ်စစ် လယ်ရေပေးဝေရေး အစရှိသည်တို့ကို

ဆောင်ရွက်ခြင်းအပါအဝင်၊ (၄) ကျောက်မျက်လုပ်ကွက်များမှ မုံကနယ်၊ သဲနုန်းများအချို့ ချောင်းအတွင်း နှစ်စဉ်စီးဝင်တဲ့အတွက်ကြောင့်မို့လို့ တစ်စတစ်စ ချောင်းဟာတိမ်ကောလာခြင်း ဖြစ်ရကြောင်းသိရပါတယ်။ ၂၀၁၄-၂၀၁၅ မိုးတွင်းကာလမှာ မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ မိုးကုတ်မြို့နယ်အတွင်းမှာ လူသုံးဦးသေဆုံးပြီး၊ ခြောက်ဦးဒဏ်ရာရရှိခြင်း၊ လူနေအိမ် ၃၂ လုံးပြိုကျပြီး ၃၃ လုံးပျက်စီးခြင်း၊ ဘာသာရေးအဆောက်အအုံတစ်လုံး၊ တံတားခုနစ်စင်း၊ လမ်းရှစ်ခု၊ မိုးစပါးကိုးဧက၊ ရေပိုက်လိုင်း ၂၄ ခုနှင့် ချောင်းရေကာတာ နှစ်ခုပျက်စီးခြင်းဖြစ်ပေါ်ခဲ့ရပါတယ်။ ဒါ့အပြင် မိုးမိတ်မြို့နယ်အတွင်းကျေးရွာမှာရှိတဲ့ လယ်ယာများနဲ့ ကင်းချောင်းရွာ အ.ထ.က(ခွဲ) စာသင်ကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်း ခုနကကိုယ်စားလှယ်တော်ကြီးတင်ပြသွားပါတယ်။ ပဒါန်းကျေးရွာ ဘုန်းကြီးကျောင်းရဲ့ ခြံစည်းရိုးအုတ်တံတိုင်း ၄၅ တိုင် ပျက်စီးသွားရပါတယ်။ ၂၀၁၅ ခုနှစ်စက်တင်ဘာလ ၂၆ ရက်နေ့မှာ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)ကနေပြီးတော့ ညွှန်ကြားရေးမှူးဦးဆောင်တဲ့အဖွဲ့ဟာ အဆိုပါ ပျက်စီးသွားတဲ့နေရာများကို သွားရောက်စစ်ဆေးပြီးတော့ ပဒါန်းကျေးရွာ ဘုန်းကြီးကျောင်းရဲ့ ခြံစည်းရိုးပြုပြင်ရန်အတွက်ကိုတော့ ကုန်ကျငွေ ၂၆ သိန်းကို လှူဒါန်းပေးခဲ့ပါတယ်။

မိုးကုတ်မြို့ ကျောက်မျက်တူးဖော်ရေး ဆောင်ရွက်ရာမှာ နုန်းကနယ်များဟာ မိုးမိတ်မြို့နယ်အတွင်းမှာရှိကြတဲ့ ချောင်းများအတွင်းကို ပျက်စီးမှုကျရောက်မှုမရှိစေရန်နဲ့ ကင်းချောင်း၊ ချောင်းကြီးချောင်း၊ မာနားကျောက်ဝါချောင်းတို့ကို ရေစီးရေလာကောင်းမွန်ရန်အတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ရေးဆွဲတင်ပြခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့ ဖြစ်ပါတယ်။ အဲဒီကျင်းပတဲ့ ကျွန်တော်တို့ အစည်းအဝေးကတော့ (၅/၂၀၁၅) ကြိမ်မြောက် ကြီးကြပ်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကနေ ဒီဟာကိုဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့အညီ လုပ်ငန်းစီမံချက်များကို ချောင်းများအတွင်း ရှင်းလင်းရေးလုပ်ငန်းကို အဆင့်(၅)ဆင့် ခွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ (၁) ၁-၁-၂၀၁၆ ကနေပြီးတော့ ၃၁-၁-၂၀၁၆ ရက်နေ့အထိ သက်ဆိုင်ရာလုပ်ကွက်များအလိုက် ရေကြည်ကန်၊ နုံးစုကန်များ စနစ်တကျဆောင်ရွက်ပြီးတော့ ရေကြည်ကိုသာ ချောင်းများအတွင်း စီးဝင်နိုင်ရန်အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (၂) ၁-၂- ၂၀၁၆ ကနေပြီးတော့ ၂၈-၂-၂၀၁၆ ရက်နေ့အထိကို ကင်းချောင်း၊ ချောင်းကြီးချောင်း၊ မာနားကျောက်ဝါချောင်းတို့ကို စီးဝင်လျက်ရှိတဲ့ ချောင်းလက်တက်များကို ရှင်းလင်းပေးပါမယ်။ (၃) ၁-၃-၂၀၁၆ ကနေပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့အထိကို ကင်းချောင်း၊ ချောင်းကြီး

ချောင်း၊ မာနားကျောက်ဝါချောင်း အလယ်ပိုင်းကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ (၄) ၁-၄-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၃၀-၄-၂၀၁၆ ရက်နေ့အထိကတော့ ကင်းချောင်း၊ ချောင်းကြီးချောင်း၊ မာနားကျောက်ဝါချောင်းရဲ့အလယ်ပိုင်းကို ထပ်မံပြီးတော့ ရှင်းလင်းပေးခဲ့ပါတယ်။ (၅) ၁-၅-၂၀၁၆ ရက်နေ့ကပြီးတော့ ၃၀-၅-၂၀၁၆ ရက်နေ့အထိကိုတော့ ကင်းချောင်း၊ ချောင်းကြီးချောင်း၊ နမ္မကျောက်ရာချောင်းရဲ့အောက်ပိုင်းကို ရှင်းလင်းခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် မေးမြန်းလာတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)က ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများပါဝင်တဲ့အဖွဲ့ဟာ ၁၈-၆-၂၀၁၆ ရက်နေ့ ၈ နာရီမှာ မိုးကုတ်မြို့ကိုသွားပြီးတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြေပြင်ကိုကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ၂၁-၆-၂၀၁၆ ရက်နေ့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်နှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များဟာ မိုးကုတ်မြို့ကိုရောက်ရှိပြီးတော့ ကျောက်မျက်တူးဖော်ရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့အဖွဲ့နှင့်အတူ ချောင်းကြီး၊ ဟိုဝိုင်သျှို၊ ချောင်းကြီးအလယ်ရွာ၊ ချောင်းကြီးမားနားနှင့် ကျောက်ရွာကွက်သစ်မှာရှိတဲ့ လုပ်ကွက်များနှင့် မိုးရာသီတူးဖော်ခြင်းလုပ်ငန်းများကို ယာယီရပ်နားထားတဲ့အခြေအနေနဲ့ ကျောက်မျက်တူးဖော်မှုနှုန်းစုကန်များ၊ မုံစစ်ကန်များပြုလုပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ဒီအဖွဲ့ရဲ့စစ်ဆေးတွေ့ရှိချက်အရ မိုးရာသီကာလမှာ ကျောက်မျက်တူးဖော်မှုလုပ်ငန်းများကို ယာယီရပ်ထားသော်လည်း နုန်းကနယ်များတောင်ကျရေနှင့်အတူ မိုးမိတ်မြို့နယ်အတွင်းကို ရေတံခွန်ချောင်းအတွင်း စီးဝင်လျက်ရှိကြောင်းတွေ့ရတဲ့အတွက်ကြောင့်မို့လို့ နုန်းကနယ်နဲ့ ရေနောက်များကျမှုလျော့နည်းစေရန် ကြက်နဖကွက်ရပ်အောက်ဘက်မှာရှိတဲ့ အလျား ၃၀ ပေ၊ အနံ ၃၀ ပေ၊ အနက် ၅ ပေခန့်ရှိတဲ့ နုန်စုကန်၊ မုံစစ်ကန်ငါးခုကို ကျွန်တော် ပြုလုပ်ခဲ့ပါတယ်။ ပဒါန်းချောင်း ကြမ်းပြင်နှိမ့်ချရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရကို၊ တွက်ချက်တင်ပြထားတာကို သိရသော်လည်းပဲ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ခွင့်ပြုချက်မရမီ ပါဒါန်းချောင်းအား မြေသားတာပေါင်တင်ခြင်းဆောင်ရွက်ပေးပါက လယ်ယာမြေအချို့ကို ပြန်လည်စိုက်ပျိုးနိုင်မယ့်အခြေအနေကို သိတာကြောင့်မို့လို့ ကျောက်မျက်ရတနာကုမ္ပဏီသုံးခုကနေပြီးတော့ Backhoe သုံးစီးနဲ့ ကုမ္ပဏီများကနေပြီးတော့ စက်သုံးဆီလှူဒါန်းမှုနှင့် ၂၃-၆-၂၀၁၆ ရက်ကနေပြီးတော့ ၂၆-၆-၂၀၁၆ အထိလေးရက်ကြာ

နံနက် ၆ နာရီကနေပြီးတော့ ညနေ ၂ နာရီအထိ တစ်နေ့ကို အသားတင်အလုပ်ချိန် ၁၃ နာရီနဲ့ စုစုပေါင်း ၅၂ နာရီအကြာ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများ ငှားပြီးဆောင်ရွက်မယ်ဆိုရင် မြေကော်ယာဉ်တစ်စီးကို တစ်နာရီမှာ စက်သုံးဆီမပါဘဲနဲ့ ကျပ် ၁၂၀၀၀၀ နှုန်းဖြင့် မြေကော်ယာဉ် သုံးစီးအတွက် ၃၆၀၀၀၀ ကျပ်ကုန်ကျမှာဖြစ်ပြီးတော့ အလုပ်ချိန် ၅၂ နာရီ အတွက် အားလုံး ၁၈၇ သိန်းကုန်ကျမှာဖြစ်ပါတယ်။ စက်သုံးဆီဖိုး ၂၃ သိန်း ၅ သောင်းနဲ့ စုစုပေါင်းအားလုံး သိန်းပေါင်း ၂၁၀ ကုန်ကျမှာဖြစ်ပါတယ်။ နမီကျေးရွာ သုသာန်အနီး၊ ပဒါန်းချောင်းအနီးမှာ လယ်ယာမြေများကို ရေပေးသွင်းတဲ့ လက်ရိုက်ဆည်များကြောင့် ချောင်းကြမ်းပြင်မြင့်တက်လာမှုဖြစ်ပေါ်နိုင်တဲ့အတွက်နဲ့ အခြားသင့်လျော်မယ့်နည်းလမ်းများနဲ့ ဆောင်ရွက်ပေးနိုင်ရန် ကျွန်တော်တို့ အုပ်ချုပ်မှုတာဝန်ရှိတဲ့ပုဂ္ဂိုလ်များကို အကြံဉာဏ်ပြုထားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မိုးကုတ်ရတနာမြေအတွင်းမှာ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများကြောင့် မိုးမိတ်နယ်မှာရှိတဲ့ ပဒါန်းချောင်း၊ ရေတံခွန်ချောင်း၊ ကင်းချောင်းရေစီးရေလာကောင်းမွန်ရေးနဲ့ နုန်းကနယ်ဝင်ရောက်မှုလျော့နည်းပပျောက်ရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါကြောင်းနှင့် မိုးကုတ်မြို့နယ်မှ မိုးမိတ်မြို့နယ်အတွင်းကို စီးဆင်းခဲ့တဲ့ ကင်းချောင်းဟာ ချောင်းအကျယ် ပေ ၄၀၀ ခန့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ချောင်းရှင်းလင်းရေးနဲ့ ဆောင်ရွက်ရန်လုပ်ငန်းများပြားခြင်းကြောင့် ကျွမ်းကျင်ပညာရှင်များရဲ့ အကြံပြုချက်ကိုရယူပြီးတော့ နိုင်ငံတော်အဆင့်ကသာ စီမံဆောင်ရွက်သင့်ပါကြောင်း ကျွန်တော် အကြံဉာဏ်ပေးရင်းနဲ့ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးပါရစေခင်ဗျား။ ခုနက ဝန်ကြီးတင်ပြသွားတဲ့အထဲမှာ အပိုဒ် ၇ မှာ အချက် ၅ ချက်ပေါ့။ သက်ဆိုင်ရာလုပ်ကွက်များကို ရေကြည်ကန်တို့၊ နုန်းစုကန်တို့ စနစ်တကျ ချောင်းထဲကို စွန့်ပစ်တယ်လို့ ပြောပါတယ်။ နောက်ပြီး တော့လည်းပဲ ကျွန်တော်တို့ မိုးတွေများလို့ ဒီချောင်းတွေဟာ နုန်းကနယ်တွေပါသွားပြီးတော့ လယ်ထဲ စီးဝင်တယ်လို့ ပြောပါတယ်။ အဲဒီတော့ ဒီချောင်းရေဟာ မိုးမရွာလည်း နွေရာသီမှာလည်းပဲ လာရောက်ပြီးတော့မှ ကြည့်ရှုစေချင်ပါတယ်။ နုန်းကနယ်တွေဟာ ဘယ်လောက်များ နေသလဲဆိုတာကို အခုလည်းပဲ မိုးတွင်းမှာရပ်နားထားတယ်ဆိုတဲ့ဟာက ကျွန်တော်တို့ ကနေ့ ထုံးဖိုကြက်နဖားမှာ သွားကြည့်ပါ။ ကနေ့အထိ အလုပ်လုပ်နေတာပါ။ အဲဒီတော့ ကျွန်တော်တို့ ခုနက ရှင်းပြသွားတဲ့ Power Point နဲ့ပြသွားတဲ့ ချောင်းကနယ်ဆယ်တာမှန်ပါတယ်။ ကျွန်တော် ပထမပုံမှန်လွှတ်တော် ခေတ္တနားတဲ့အချိန်မှာ ကျွန်တော်ပြန်ပြီးတော့မှ

ဒုတိယပုံမှန်အစည်းအဝေးမတက်ခင်ကို ကျွန်တော် ကိုယ်တိုင်ပဲဆင်းပြီးတော့ အဲဒီချောင်းထဲကို သွားပြီးတော့မှ ဒီလိုဆယ်ရပါမယ်လို့ပြောပါတယ်။ ဒါကလည်း အသက်ကယ်ဆေးပါပဲ။ ဒီနှစ်တစ်နှစ်ထဲကို လုပ်စားလို့ရအောင်ပဲ လုပ်လို့ရတာပါ။ ကျွန်တော်တို့ အမြဲတမ်း လုပ်စားလို့ရအောင်က ခုနကပြောတဲ့ ဝန်ကြီးတင်ပြသွားတဲ့ နုန်းကနယ်တွေကို စနစ်တကျ ကန်လှယ်ဆယ်ပြီးမှ လုပ်ပေးဖို့လိုပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီရဲ့ နုန်းကနယ်တွေကို အခု ဒါတင်ပြသွားတဲ့အထဲမှာ ချောင်းကြီးတို့၊ ကင်းချောင်းတို့၊ မာနားတို့၊ ကျောက်ဝါတို့ အထက်ပိုင်းမှာရှင်းလင်းတာတို့၊ အောက်ပိုင်းမှာရှင်းလင်းတာတို့ စသည်ဖြင့် ပြောသွားတာ ဒါတွေကတော့ စာရွက်ပေါ်မှာလို့ပဲ ကျွန်တော်ထင်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့က ခေတ်အဆက်ဆက် အောက်ကတင်ပြတာတွေကို အထက်ကလူကြီးများက သေသေချာချာ ကွင်းဆင်း မစစ်ဆေးဘဲနဲ့ စာရွက်ကလေးကိုဖတ်ပြပြီးတော့ ဒီလိုပြောသွားရင်တော့ အဆင်မပြေဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ ဒါကို ဝန်ကြီးအနေနဲ့ ကွင်းဆင်းပြီးစစ်ဆေးစေချင်ပါတယ်။ နောက်ပြီးတော့လည်း ဝန်ကြီးကိုယ်တိုင် မဆင်းနိုင်လို့ရှိရင်လည်းပဲ သက်ဆိုင်ရာစိတ်ချရတဲ့ ပုဂ္ဂိုလ်များကိုလွှတ်ပြီးတော့ စစ်ဆေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ခုနက ကိုယ်စားလှယ်ကြီးတင်ပြတာ သဘောကျပါတယ်။ နွေရာသီမှာ ကျွန်တော်ကိုယ်တိုင်သွားပြီးတော့ ကြည့်ရှုပါတယ်။ ဒီချောင်းဟာဖြင့် ကျွန်တော်သိသလောက်ကတော့ အခြေအနေတော်တော်ဆိုးတာတော့ မှန်ပါတယ်ခင်ဗျား။ ခုနက ကျွန်တော်ကို အကြံဉာဏ်ပေးတဲ့အတိုင်း နွေရာသီမှာ ကျွန်တော်ကိုယ်တိုင်သွားရောက်ပြီးတော့ စစ်ဆေးပါတယ်။ ကြည့်ပါတယ်။ ခုနက တင်ပြတဲ့အထဲမှာ အောက်ကနေတင်ပြလာတဲ့ စာများကိုသာလျှင် အထက်က ဖတ်ကြားနေတဲ့ဟာမျိုးဆိုတော့ ဒီနေရာမှာ တစ်ချက်လေးတင်ပြချင်တာက ကျွန်တော် အခု တင်ပြခဲ့တဲ့ဟာက ၂၁-၆-၂၀၁၆ ဒီခုနှစ် ဇွန်လ ကျန်ခဲ့တဲ့ တစ်လသာသာလောက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ကိုယ်တိုင်ပါဝင်ပြီးတော့ သွားပြီးတော့ အဲဒီမှာ ဌာနဆိုင်ရာကိုယ်စားလှယ်များနဲ့ ဒုတိယညွှန်ကြားရေးမှူးပါတဲ့အဖွဲ့နဲ့အတူ သွားရောက်ကြည့်ရှုတဲ့ စစ်ဆေးတဲ့ပုံပဲဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ဓာတ်ပုံနှင့် Photoshop လုပ်ပြီး တင်ထားတာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီဟာတွေဟာဖြင့် ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ မိမိလုပ်ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်နားလည်သလောက်ကတော့ ဒီလို နုန်း အင်မတန်

မူကြမ်း

ကျတဲ့နေရာမျိုးမှာဆိုလို့ရှိရင် သာမန် ကျွန်တော်တို့ အခုလုပ်ထားတဲ့ လုပ်ငန်းလေးတွေက တကယ်တမ်း ဆောင်ရွက်ရမယ့် လုပ်ငန်းကြီးရဲ့ တစ်ရာပုံတစ်ပုံလောက်မရှိပါဘူး။ ထိရောက်မှုလည်း တကယ်တမ်းပြောမယ်ဆိုရင် မရှိပါဘူး။ ယာယီဆေးမီးတိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် နောက်ပိုင်းမှာ အကြံပြုထားသလိုပါပဲ။ ကျွန်တော် နောက်ဆုံးတင်ပြတဲ့အထဲမှာပါပါတယ်ခင်ဗျား။ ကင်းချောင်းဟာ ချောင်းအကျယ် ပေ ၄၀၀ ရှိတဲ့အတွက်ကြောင့်မို့လို့ ချောင်းရှင်းလင်းရေး ဆောင်ရွက်ရန် လုပ်ငန်းပမာဏများပြားခြင်းကြောင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်ကို ရယူပြီး နိုင်ငံတော်အဆင့်နှင့်ဆောင်ရွက်မှသာ ရရှိမယ့်အဆင့်ဖြစ်ပါတယ်။ သာမန်ကျွန်တော်တို့ ချောင်း၊ မြောင်းငယ်လေးဆိုပြီးတော့ ကျွန်တော်တို့ သစ်တောဦးစီးဌာနရော၊ ဒီမှာရှိတဲ့ ဆည်မြောင်း ဦးစီးဌာနရော လုပ်လို့ရပါတယ်။ သို့သော် အင်မတန် ချောင်းကြီး၊ မြောင်းကြီးကျယ်တဲ့နေရာကတော့ အင်မတန်ကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ လုပ်ဆောင်မှာသာလျှင် ဆောင်ရွက်လို့ရမယ့်လို့ ထပ်မံတင်ပြ ရှင်းလင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့် ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးဇော်မင်းသိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသ

ကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ပြည်သူ့လွှတ်တော်မှာ တင်သွင်းမယ့်အဆိုကတော့ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကို ကာရံထားတဲ့ရေကာတာများကို လာမယ့်မိုးရာသီကာလမှာ ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမယ့်ပွင့်လင်းရာသီမှာ တာတမံကြံ့ခိုင်မှု ရှိအောင်ဆောင်ရွက်နိုင်ရေးအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အဆိုတင်သွင်းခဲ့စဉ်က မိုးရာသီမကျရောက်သေးတဲ့အတွက် မိုးရာသီရောက်ခဲ့ရင် ဆိုတဲ့စကားရပ်ကို ကျွန်တော်ထည့်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဧရာဝတီတိုင်းမှာရှိတဲ့ ဧရာဝတီမြစ်နှင့်ငဝန်မြစ်ကိုကာရံထားတဲ့ ရေကာတာများဟာ AD-၁၈၆၉ ခုနှစ်ကနေပြီးတော့ ၁၈၇၃ ခုနှစ်ကာလများအတွင်း အင်္ဂလိပ်အစိုးရလက်ထက်ကတည်ဆောက်ခဲ့တဲ့ ရေကာတာများဖြစ်ပါတယ်။ ယခင်မြစ်ဝှမ်းလွင်ပြင်ဒေသကို ရေကာတာများနှင့်ကာရံလိုက်တဲ့အတွက် ရေကာတာအတွင်းမှာရှိတဲ့ ပြည်သူများဟာ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝများတိုးတက်မြင့်မားပြီး တော့မှ ဧရာဝတီတိုင်းကြီးကို နိုင်ငံရဲ့စပါးကျီကြီးအဖြစ် ပုံဖော်နိုင်ခဲ့သည်အထိ အကျိုးရှိစေခဲ့ပါတယ်။ သို့သော်လည်း နှစ်ပေါင်း ၁၅၀ နီးပါးကြာမြင့်လာတာနဲ့အမျှ တာတမံများရဲ့ကြံ့ခိုင်မှုဟာ စိတ်ချလို့မရ တော့ပါဘူး။ တာတမံကျိုးပေါက်မှုအနေနဲ့ကတော့ ၁၉၇၄ ခုနှစ်မှာ အိတ်ပျက်တာကျိုးပေါက်မှု၊ ၁၉၉၁ ခုနှစ်မှာ ထိမ်ငူတာကျိုးပေါက်မှု၊ ၁၉၉၇ ခုနှစ်မှာ ကွဲ့တဲကုန်းတာကျိုးပေါက်မှုနှင့် ၂၀၀၇ ခုနှစ်မှာ ကျားကိုက်ကုန်းတာကျိုးပေါက်မှုဆိုတဲ့ ကျိုးပေါက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီထဲက အဆိုးဆုံး ကတော့ ၁၉၉၁ ခုနှစ် လေးမျက်နှာမြို့နယ် ထိမ်ငူတာကျိုးပေါက်မှုဖြစ်စဉ်ဟာ အဆိုးဆုံးဖြစ်ပါတယ်။ မြို့နယ်ပေါင်းကိုးမြို့နယ်ကို ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးစေခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီရေကြီးတဲ့ကာလမှာလည်း ဧရာဝတီတိုင်းဟာ ရေကြီးမှုဒဏ်ကို ဆိုးရွားစွာခံစားခဲ့ ရပါတယ်။ ရေကာတာရဲ့အပြင်မှပြည်သူများဟာ ရေကြီးနစ်မြုပ်တဲ့ဒဏ်ကိုခံစားရသကဲ့သို့ ရေကာတာ အတွင်းမှပြည်သူများကလည်း ရေကာတာကြီးကို ရေကျော်လုနီးပါးရောက်ရှိလာတာဖြစ်တဲ့အတွက် ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာကနေပြီးတော့ ကျိုးမလဲဆိုတဲ့စိုးရိမ်ပူပန်စိတ်တွေဟာ တစ်မိုးတွင်း လုံးခံစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့အစိုးရလက်ထက် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန် ဧရာဝတီတိုင်းခရီးစဉ် ကို ၁-၁၀-၂၀၁၅ ရက်နေ့မှာ ရောက်ရှိလာခဲ့ပါတယ်။ ဟင်္သာတ၊ အင်္ဂပူ၊ လေးမျက်နှာ၊ ငသိုင်းချောင်း၊ ရေကြည်စတဲ့မြို့များမှာရှိတဲ့ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ပါတယ်။ ဒေသခံပြည်သူများကလည်း

ဒီတာတမံကြီးကိုကြံ့ခိုင်မှုရှိအောင် တင်ပြတောင်းဆိုမှုအရ နိုင်ငံတော်သမ္မတကြီးကလည်း လာမယ့် ပွင့်လင်းရာသီမှာ လက်ရှိမူလတာထိပ်ထက် ငါးပေမြှင့်တင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ပေးမယ်ဆိုပြီး တော့ နှုတ်ကတိပေးသွားခဲ့ပါတယ်။ ထိုအကြောင်းအရာများကို ကျွန်တော်တို့ ၂-၁၀-၂၀၁၅ ရက်နေ့ ရေဒီယို၊ မြန်မာ့ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များမှာ တရားဝင်ထည့်သွင်းဖော်ပြခဲ့တာကိုလည်း ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။ သို့ပေမဲ့ ဒီကနေ့အချိန်အထိ အကောင်အထည်ဖော်လာနိုင်ခဲ့ခြင်း မရှိပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြတောင်းခံအပ်ပါ တယ်။ ဒါကတော့ လေးမျက်နှာမြို့နယ်၊ ဝေန်တာမိုင် ၂၉/၀ မှာ ၂၁-၇-၂၀၁၆ ညနေ ၅ နာရီအချိန် တာအမြင့် ၂ ပေနဲ့ အလျားပေ ၃၀၀ နိမ့်ကျသွားတဲ့ဖြစ်စဉ်ဖြစ်ပါတယ်။ ဒါကတော့ လေးမျက်နှာမြို့နယ် ဝေန်တာမိုင် ၂၀/၀ ညောင်ပင်ဝဲဆိုတဲ့ရွာမှာ ၂၂-၇-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၃၀-၇-၂၀၁၆ ရက် နေ့အထိ ရေပေါက်များနှင့်ရေစိမ့်မှုများကို ပေ ၂၆၀၀ ကာကွယ်ဆောင်ရွက်ထားရှိမှု ဓာတ်ပုံများပဲ ဖြစ်ပါတယ်။ ဒီ Power Point မှာပြတဲ့ဓာတ်ပုံများဟာ ကျွန်တော်တို့တာတမံကြီးဟာ လက်ရှိအနေ အထားမှာ ကြံ့ခိုင်မှု၊ စိတ်ချရမှုမရှိတော့ဘူးဆိုတာ ထင်ရှားစေချင်လို့ပြသရခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီတာတမံများနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော်အစည်းအဝေးမှာ လေးမျက်နှာမြို့နယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်း ဒီ တာတမံများကို အဆင့်မြှင့်တင်ဖို့ မေးခွန်းမေးမြန်းခဲ့ပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးက ရန်ပုံငွေတင်ပြတောင်းခံရရှိမှုအပေါ် မှာမူတည်ပြီး ဆောင်ရွက်ပေးမယ်လို့ ဖြေကြားခဲ့တာ ကိုလည်း ကျွန်တော်တို့ကြားသိရပါတယ်။ သို့ပေမဲ့ အကောင်အထည်ပေါ် လာနိုင်ခဲ့ခြင်း မရှိပါဘူး။ နောက်တစ်ခါ နိုင်ငံတော်သမ္မတကြီး ကျွန်တော်တို့ ဧရာဝတီတိုင်းခရီးစဉ်ကို လာခဲ့စဉ်မှာလည်း ဒါ ၂၀၁၅၊ ၂၀၁၆ ပွင့်လင်းရာသီမှာ ဖော်ဆောင်ပေးမယ်ဆိုတဲ့အရာဟာလည်း ကျွန်တော်တို့ ဒီကနေ့အထိ ဘာမှဖြစ်လာတာမရှိပါဘူး။ နောက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံ ရပြီး မိမိမဲဆန္ဒနယ်မြေတွေကို ဆင်းတဲ့အခါမှာ ပြည်သူတွေက ဒီတာတမံနဲ့ပတ်သက်လို့ အရေးကြီး ကိစ္စအနေနဲ့ လွှတ်တော်မှာတင်ပြဆွေးနွေးပေးပါဆိုပြီး တောင်းဆိုတဲ့အသံတွေကိုလည်း ကျွန်တော်တို့ နားထောင်ခဲ့ရပါတယ်။ နောက်တစ်ခါ ပြည်ထောင်စုလွှတ်တော်နာယကကြီး မန်းဝင်းခိုင်သန်း၉-၇-၂၀၁၆ ရက်နေ့နဲ့ ၁၀-၇-၂၀၁၆ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်ဖြစ်တဲ့ ဟင်္သာတ၊ ကျုံပျော်၊ ရေကြည်စတဲ့မြို့များမှာ ဒေသခံပြည်သူများနဲ့တွေ့တဲ့အခါမှာလည်း ဒီတာတမံကြီးနဲ့ ပတ်သက်လို့

**မူကြမ်း**

လုံခြုံစိတ်ချရအောင်လုပ်ပေးဖို့ဆိုတဲ့ တောင်းဆိုတဲ့အရာများကို တင်ပြခဲ့တာကို ကျွန်တော်တို့ကြား သိခဲ့ရပါတယ်။ လက်ရှိ ဒီအစည်းအဝေးခန်းထဲမှာ လာရောက်နားထောင်ပေးတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တာဝန်ရှိသူများ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မှာရှိတဲ့ မြို့နယ်တွေကိုရောက်ခဲ့ရင်လည်း ဒေသခံပြည်သူများက တောင်းဆိုကြမယ့်အရာဟာ ဒီတာတမံအကြောင်းပဲဖြစ်တယ်ဆိုတာကို ကျွန်တော် ဒီနေရာကနေ ရဲရဲကြီးပြောရပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တညီတညွတ်တည်း ဘုံသဘောတူညီချက်အနေနဲ့ တောင်းဆိုတဲ့အသံတွေ ကို ကျွန်တော်တို့ ပြန်လှန်လေ့လာစဉ်းစားကြည့်လိုက်တဲ့အခါမှာ ပြည်သူတွေဟာ သူတို့ရဲ့လူမှုဘဝ မြင့်မားဖို့အတွက်ကို လမ်းခင်းပေးပါ။ တံတားဆောက်ပေးပါ။ ကျောင်းဆောက်ပေးပါ၊ ဆေးရုံဆောက် ပေးပါဆိုတဲ့ လိုချင်မှုနဲ့တောင်းဆိုတဲ့ဟာမျိုးမဟုတ်ဘဲနဲ့ သူတို့တစ်သက်လုံး ချွေးနဲ့သွေးနဲ့ ရှာဖွေ စားသောက်လာခဲ့တဲ့စည်းစိမ်ဥစ္စာတွေကို မပျောက်ပျက်၊ မပျက်စီးဘဲရှိရအောင် ဒီတာတမံကြီး ကျိုးသွားတာနဲ့အမျှ သူတို့ရဲ့စည်းစိမ်တွေကုန်ဆုံးသွားမှာမို့လို့ ဒီတာတမံကြီးကို လုံခြုံစိတ်ချအောင် ဆောင်ရွက်ပေးပါ။ သူတို့လူနေမှုဘဝတွေကို လုံခြုံစိတ်ချအောင်လုပ်ပေးပါဆိုတဲ့ တောင်းဆိုတဲ့အသံ များပဲဖြစ်ပါတယ်။ အဲဒီတော့ တချို့နေရာတွေမှာ ကျွန်တော်တို့ ဘာတွေ့ရသလဲဆိုရင် အခု လက်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်နေတဲ့ လမ်းခင်းတာ၊ ကျောင်းဆောက်တာ၊ တံတားဆောက်တာတွေကို တစ်နှစ်လောက်ရပ်ဆိုင်းပြီးတော့မှ လက်ရှိတာတမံကြီးကို စိတ်ချအောင်လုပ်ပြီး နောင်နှစ်တွေမှာမှ ဒေသဖွံ့ဖြိုးရေးတွေလုပ်ပေးပါဆိုတဲ့ အသံတွေအထိ ကျွန်တော်တို့နားထောင်ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ဆောင်ပုဒ်ကို ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်ဖို့ မိုးတွင်း ကာလရောက်တိုင်းရောက်တိုင်း ဒေသခံပြည်သူများရဲ့ ပူပန်သောကရောက်နေတဲ့စိတ်ဒုက္ခတွေကို ကျွန်တော်တို့ဖြေရှင်းနိုင်ဖို့၊ လယ်သမားအများစုရဲ့ မိုးတွင်းကာလရောက်လို့ရှိရင် ငါ့လယ်လေး စိုက်လို့ အဆင်ပြေပါ့မလား၊ ငါ့စပါးခင်းလေး တာကျိုးသွားခဲ့ရင်ကုန်မယ်ဆိုတဲ့ စိတ်သောကတွေကို ကျွန်တော် တို့ဖြေရှင်းဆောင်ရွက်နိုင်ဖို့၊ နောက်တစ်ခါလည်း လက်ရှိရရှိပြီးသား၊ တည်ဆောက်ပြီးသား အခြေခံ အဆောက်အဦ၊ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ ဒီအဆောက်အဦတွေကို ဒီတာတမံ ကြီးကျိုးပေါက်ခဲ့ရင် မပျက်စီးနိုင်ဖို့အတွက်ကို တာတမံကြီးကိုအဆင့်မြှင့်တင်ဖို့ ကျွန်တော်တို့ အရေးတကြီးလိုအပ်နေပါပြီ။ သို့အတွက်ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကို ကာရံထားသောတာတမံများအား လာမယ့်မိုးရာသီကာလမှာ ပြည်သူများစိုးရိမ်ပူပန်မှု

မရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမယ့်ပွင့်လင်းရာသီမှာ ကြံ့ခိုင်မှု ရှိအောင် ဆောင်ရွက်နိုင်ရေးအား ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းသိန်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးဝင်း(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း အဆိုတင်သွင်းသွားတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်များအား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ရေး လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကာရံထားသော တာတမံများဟာ နှစ်ပေါင်း ၁၅၀ လောက်နီးပါးရှိပါပြီ။ ဒါကြောင့်မို့လို့ ဒီတာတမံများကို အဆင့်မြှင့်တင်ဖို့ အထူးပဲ လိုအပ်နေပါတယ် ခင်ဗျား။ ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း အခုအခါမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ၊ ရေကြီးခြင်းများ၊ တောင်ပြိုခြင်းများ စတဲ့သဘာဝဘေးနှင့်ပတ်သက်တဲ့ ဖြစ်စဉ်များကိုလည်း နိုင်ငံအနှံ့ ဖြစ်ပွားနေတာကို ကြားသိရပါတယ်။ သစ်တောများလည်း ပြောင်သလင်းခါအောင် ခုတ်ထွင်ရှင်းလင်းထားတဲ့အတွက် သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောများဟာ တောင်ကတုံးများ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ မိုးရွာတဲ့အခါမှာ မိုးရေများဟာ ကြားမှာ သစ်ပင်များက တစ်ဆင့်ခံထားခြင်းမရှိတဲ့ အတွက် မိုးရေများနှင့် မြေဆီလွှာများက တိုက်ရိုက်ထိတွေ့တဲ့အတွက် မြေဆီလွှာများ၊ သဲများ၊ နုန်းများဟာ မြစ်ချောင်းအင်အိုင်များမှတစ်ဆင့် မြစ်အတွင်းသို့ တိုက်ရိုက်စီးဝင်နေတဲ့အတွက် မြစ်ရေပြင်ကြမ်းပြင်ဟာ နှစ်စဉ်မြင့်တက်နေတာကို တွေ့ရှိရမှာဖြစ်ပါ တယ်။ အဲဒီလို မြစ်ရေပြင်ရဲ့

ကြမ်းပြင်ဟာ နှစ်စဉ်မြင့်တက်နေသော်လည်းပဲ ရေကာတာများရဲ့ အမြင့်ဟာ မူလအတိုင်းပဲ ရှိနေတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုနှစ်စဉ်သဲနုန်းများမြင့်တက်မှုကြောင့် ဒီနှစ်နွေရာသီမှာ ငဝန်မြစ်အတွင်းမှာ လက်လှော်လှေများပင် သွားမရအောင်သောင်ထွန်းနေတာကို တွေ့ရှိခဲ့ရပါတယ်။ ရေအနည်းဆုံး အစစ်ဆုံးကာလဖြစ်တဲ့ မေလမှာတောင် ရာသီဥတုဖောက်ပြန်မှုကြောင့် မြစ်ရေဟာ ကမ်းတစ်ဝက်နီးပါးမြင့်တက်လာပြန်ပါတယ်။ ရေရောင်ကလည်း ရွှံ့ရောင်များဖြစ်နေတာကိုတွေ့ရှိရပါတယ်။ နွေရာသီမှာတောင် ဒီလိုဖြစ်နေလို့ရှိရင် မိုးရာသီမှာဘယ်လိုမျိုးဖြစ်နေမလဲဆိုတာကို တွေးတော ပူပန်မိပါတယ်ခင်ဗျား။ ယခုအချိန်မှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာလည်း စိုးရိမ်ရေမှတ်အထက်သို့ပင် ရောက်ရှိနေပြီဖြစ်ပါတယ်။ အကယ်၍သာ ရေကာတာကြီးများကျိုးပေါက်သွားခဲ့ မယ်ဆိုရင် တာတမံအတွင်းမှာနေထိုင်ကြသော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် စိုက်ပျိုးသီးနှံများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝများမှာ မတွေးဝံ့စရာဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းသွားသော အဆိုအား လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေ ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးဇော်မင်းသိန်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား

ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၈-၂၀၁၆ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥပဒေကြမ်းကော်မတီက အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီက အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးဘရှိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်တုန်းက ပြဋ္ဌာန်းခဲ့တဲ့ အရေးပေါ်စီမံမှုအက်ဥပဒေဟာ အခုလို ပြောင်းလဲလာတဲ့ခေတ်ကာလနှင့် မလျော်ညီတော့တဲ့အတွက်ကြောင့်၊ ဒီလိုပြောင်းလဲလာတဲ့ ခေတ်ကာလမှာ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို အလေးထားစောင့်ရှောက်ပေးဖို့လိုအပ်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီဥပဒေကြမ်းကို ရုပ်သိမ်းနိုင်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဥက္ကဋ္ဌကြီးဆီကို တင်ပြခဲ့ပါတယ်။ ၃-၅-၂၀၁၆ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်အသီးသီးကိုလည်း ဥပဒေကြမ်းဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်

က လက်ခံဆောင်ရွက်နိုင်ရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်သို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ကျွန်တော် ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်က ရှေ့ဦးစွာ ဂါရဝတရားနှင့် မေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအပေါ် စိစစ်တွေ့ရှိချက်များကို အစီရင်ခံတင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၆ - ၁၀၃
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မေ လ ၁၁ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၂၈)/ ပထစ- ၂၀၁၆

၁။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် - ၁၇)ကို ထိုစဉ်က နိုင်ငံရေးအခြေအနေကြောင့် လိုအပ်ချက်အရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေသည် ယနေ့ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိသည့်အပြင် နိုင်ငံသူနိုင်ငံသားများနှင့် နိုင်ငံ့ အရေးဆောင်ရွက်နေသူများကို အချိန်အခါမရွေး ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစွဲထောင်ချခြင်း စသည့် မတရားပြုကျင့်မှုများမှ ကာကွယ်နိုင်ရန်အတွက် ဤပြင်ဆင်သည့် ဥပဒေကြမ်းကို ရေးဆွဲ တင်ပြလာခြင်းဖြစ်ပါသည်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၅-၂၀၁၆ ရက်နေ့၌ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်း သည့်ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ပါသည်။

၅။ ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေသည်-

(က) စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အချိန်အခါမရွေး ဖိနှိပ်ချုပ်ချယ်နိုင်သော ဥပဒေဖြစ်ခြင်း၊

(ခ) ခေတ်နှင့်လျော်ညီမှု မရှိတော့ခြင်း၊

(ဂ) နိုင်ငံသားများ၏အကျိုးစီးပွားကို အလေးထားစောင့်ရှောက်နိုင်မှုမရှိခြင်း၊

(ဃ) နိုင်ငံသားများ၏ဘဝလုံခြုံရေးထက် အုပ်ချုပ်သူများ၏လုပ်ပိုင်ခွင့်ကို ပိုမိုအလေး ထား ပြဋ္ဌာန်းထားခြင်း၊

(င) ဖြတ်သန်းလာခဲ့သော ခေတ်အဆက်ဆက်တွင် အုပ်ချုပ်သူတို့က လွယ်ကူစွာ အလွဲသုံးစွဲနိုင်ခဲ့သော သာဓကများရှိခဲ့သည့် ဥပဒေဖြစ်ခြင်း၊

(စ) မူလဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(၁) ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များ၊

(၂) အစိုးရလျှို့ဝှက်ချက် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊

(၃) ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ {The Public Order (Preservation) Act, 1947} ပါ ပြဋ္ဌာန်းချက်များ၊

(၄) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

တို့နှင့် အလားတူညီသောကြောင့် ဥပဒေကြမ်းကော်မတီဝင်အများစုက အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းရန် သဘောတူညီကြပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစတီဖန် က ဆွေးနွေးရာတွင် အရေးပေါ်စီမံမှုအက်ဥပဒေအား ပယ်ဖျက်မည်ဆိုပါက -

(က) အရေးပေါ်စီမံမှုအက်ဥပဒေကဲ့သို့သော အလားတူ ဥပဒေအသစ် ပြဋ္ဌာန်းပြီးမှသာ ပယ်ဖျက်သင့်ပါကြောင်း၊

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုနှင့် သက်ဆိုင်သောကိစ္စ၊ နိုင်ငံတော်လုံခြုံရေးအတွက် တပ်မတော်နှင့် သက်ဆိုင်သောကိစ္စများကို မပယ်ဖျက်သင့်ဘဲ၊ ပုဒ်မ ၅ ပုဒ်မခွဲ(င) နှင့် (ည) တို့ကိုသာ ပြင်ဆင်သင့်ကြောင်း၊

(ဂ) ဤဥပဒေအား အလွဲသုံးနိုင်ခြင်းမှာ ခွင့်ပြုမိန့် လွယ်ကူစွာချပေးခြင်းကြောင့်သာ ဖြစ်သဖြင့် ခွင့်ပြုမိန့်အား လွယ်ကူစွာချပေးခြင်းမရှိပါက ဤဥပဒေအား ပြင်ဆင်ပယ်ဖျက်ရန် မလိုအပ်ပါကြောင်း တင်ပြခဲ့ပါသည်။

၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်မောင်မောင် က ဆွေးနွေးရာတွင် ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေသည် ရုပ်သိမ်းပယ်ဖျက်ရန်ထက်-

(က) ဥပဒေကို ကျင့်သုံးရာတွင် အလွဲသုံးစွဲဆောင်ရွက်မှုမျိုးကို မလုပ်ဆောင်နိုင်စေရေးအတွက် ထိန်းညှိပေးရန်သာ လိုအပ်ကြောင်း၊

(ခ) ဥပဒေတစ်ခုလုံးအား ပယ်ဖျက်မည့်အစား ခေတ်ကာလအခြေအနေနှင့် မလျော်ညီသော ပုဒ်မများကိုသာ ပြင်ဆင်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်သင့်ကြောင်း၊

(ဂ) ဥပဒေအား ပယ်ဖျက်မည်ဆိုပါက ခေတ်နှင့်လျော်ညီသည့် ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းပြီးမှသာ ပယ်ဖျက်သင့်ကြောင်း တင်ပြခဲ့ပါသည်။

၈။ သို့ဖြစ်ပါ၍ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် အများစုက ပယ်ဖျက်ရန် သဘောတူညီကြပါသဖြင့် လွှတ်တော်

**မူကြမ်း**

က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃-၈-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**